ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့၊ (29-6-2011) (၆၀၇)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး ☆ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး ☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး ☆ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး	☆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး ☆ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး ☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး ☆ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ၂၀၁၁ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲ အထူးရောင်းချပွဲ

ပြပွဲအကြို ခင်းကျင်းပြသထားမှုများ ကြည့်ရှုစစ်ဆေး

နေပြည်တော်　　ဇွန်　　၂၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့ မွန်းလွဲပိုင်းတွင် ၂၀၁၁ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအထူးရောင်းချပွဲ ပြပွဲအကြိုခင်းကျင်းပြသထားမှုများကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မွန်းလွဲ ၁ နာရီတွင် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲ အထူးရောင်းချပွဲ ပြပွဲကျင်းပမည့် နေပြည်တော် မဏိရတနာ ကျောက်စိမ်းခန်းမသို့ ရောက်ရှိလာရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ၂၀၁၁ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲ အထူးရောင်းချပွဲ ပြပွဲကျင်းပရေး ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အထူးရောင်းချပွဲ ပြပွဲကျင်းပရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးနှင့် ဗဟိုကော်မတီဝင်များ၊ ဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း နာယက ဦးအောင်ကိုဝင်းနှင့် အလုပ်အမှုဆောင်များက ကြိုဆိုကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် မဏိရတနာ ကျောက်စိမ်းခန်းမရှေ့၌ ခင်းကျင်းပြသထားသည့် အင်ကြင်းကျောက်များကို ကြည့်ရှုလေ့လာကြသည်။

စာမျက်နှာ ၃ ကော်လံ ၅ သို့◆

ကြည့်ရှုလေ့လာ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မဏိရတနာ ကျောက်စိမ်းခန်းမရှေ့၌ ခင်းကျင်းပြသထားသည့် အင်ကြင်းကျောက်များကို ကြည့်ရှုလေ့လာစဉ်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မဏိရတနာကျောက်စိမ်းခန်းမ မြေညီထပ်၌ ပုဂ္ဂလိကကုမ္ပဏီများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များက ခင်းကျင်းပြသထားသည့် ကျောက်မျက်ရတနာဆိုင်များကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ကြေးမုံ The Mirror
၂၉-၆-၂၀၁၁
(ဗုဒ္ဓဟူးနေ့)

စားနပ်ရိက္ခာ ပိုလျှံထုတ်လုပ်နိုင်အောင် စွမ်းဆောင်

မြန်မာနိုင်ငံသည် တစ်ချိန်က ကမ္ဘာတွင် ဆန်အများဆုံး တင်ပို့နိုင်ခဲ့သော နိုင်ငံဖြစ်သည်။ ၁၉၆၂ ခုနှစ် နောက်ပိုင်း စီးပွားရေးစီမံကိန်းစနစ်ကြောင့် ဆန်စပါးကဏ္ဍဖွံ့ဖြိုးမှု နောက်ကျခဲ့ရသည်။ ၂၀၀၃ ခုနှစ်တွင် ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ဆန်စပါးမူဝါဒပြောင်းလဲခဲ့ရာ ဆန်စပါး ကြိတ်ခွဲထုတ်လုပ်မှု အထိုက်အလျောက် တိုးတက်လာခဲ့သည်။

နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသများတွင် နေထိုင်ကြပြီး လယ်ယာ၊ သားငါး ကုန်ထုတ်လုပ်ငန်းများကို အများစု လုပ်ကိုင်နေကြသည်။ တိုင်းပြည်၏ အဓိကကုန်ထုတ်လုပ်မှု စွမ်းအားစုကြီး ဖြစ်သည်။ ကျေးလက်ဒေသ ကုန်ထုတ်လုပ်ငန်းများ တိုးတက်မှု၊ စီးပွားရေးတိုးတက်မှုတို့သည် တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် ကြီးမားသောအခန်းကဏ္ဍက ပါဝင်လျက်ရှိနေသည်။

ကမ္ဘာတစ်ဝန်း၌ ရာသီဥတုပြောင်းလဲလာမှုများ တွေ့ကြုံနေကြရသည်။ ကမ္ဘာ့ငွေကြေးအကျပ်အတည်းများ ဖြစ်ပေါ်နေသည်။ စားနပ်ရိက္ခာဖူလုံစိတ်ချရရေး ပိုမိုလိုအပ်လာမှု၊ စွမ်းအင်လိုအပ်လာမှုတို့သည် ကမ္ဘာ့နိုင်ငံများနှင့် ပြည်သူများအတွက် စိန်ခေါ်မှုများအဖြစ် ရင်ဆိုင်တွေ့ကြုံလာနေရပြီဖြစ်သည်။

ယင်းသို့သော အခြေအနေတွင် စိုက်ပျိုးရေးကိုအခြေခံသော မြန်မာနိုင်ငံအတွက် ကျေးလက်ဒေသများ၏ လယ်ယာ၊ သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြောင်းလဲလာသော ရာသီဥတုကို ရင်ဆိုင်ကျော်လွှားပြီး စားနပ်ရိက္ခာ ဖူလုံပိုလျှံရေး၊ ကျေးလက်နေပြည်သူများ ဝင်ငွေတိုးတက်ရရှိရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးတို့သည် ရှေ့တန်းတင်အလေးထားရမည့် လုပ်ငန်းစဉ်များဖြစ်လာနေပြီ ဖြစ်သည်။

ကုလသမဂ္ဂ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင်(အက်စကက်)နှင့် မြန်မာနိုင်ငံတို့ပူးပေါင်း၍ **အမျိုးသားဆန်စပါးမူဝါဒများ တိုးတက်ကောင်းမွန်ပြီး ဒေသတွင်းစားနပ်ရိက္ခာ လုံခြုံစိတ်ချရေးအတွက် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ** နှင့်စပ်လျဉ်း၍ ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ တတိယအကြိမ် ဆွေးနွေးပွဲကို ဇွန် ၂၇ ရက်တွင် နေပြည်တော်၌ ကျင်းပသည်။ ဆွေးနွေးပွဲမှ ရလဒ်များသည် ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးလာပြီး တောင်သူလယ်သမားများ၏ ဝင်ငွေတိုးတက်လာမည့်အပြင် နိုင်ငံ၏စားနပ်ရိက္ခာ ဖူလုံမှု၊ ဒေသတွင်း စားနပ်ရိက္ခာလုံခြုံစိတ်ချရမှုတို့အတွက် များစွာအထောက်အကူပြုနိုင်မည်ဖြစ်သည်။

အာရှတွင် မိသားစုအတွင်း စားနပ်ရိက္ခာ လုံခြုံမှုနှင့် စပါးဈေးကွက်တို့ နီးကပ်စွာ ဆက်စပ်လျက်ရှိသည်။ အာရှတိုက်တွင် ဆန်သည် အဓိကပင်တိုင်အစာဖြစ်၍ ကမ္ဘာ့လူအများစုအတွက် ကယ်လိုရီအများဆုံး ဖြည့်ဆည်းပေးနေသော အာဟာရဖြစ်သည်။ မြန်မာနိုင်ငံ၏ အမျိုးသားဆန်စပါးမူဝါဒများ တိုးတက်ကောင်းမွန်လာမှုနှင့်အတူ စားနပ်ရိက္ခာ ဖူလုံပိုလျှံစွာထုတ်လုပ်နိုင်ရေး ကြိုးပမ်းစွမ်းဆောင်ကြခြင်းဖြင့် တောင်သူလယ်သမားများ၏ စီးပွားရေး၊ ဖွံ့ဖြိုးတိုးတက်လာပြီး ဆင်းရဲနွမ်းပါးမှုလျော့ပါးရေး ဆက်စပ်အကျိုးဖြစ်ထွန်းလာနိုင်မည်ဖြစ်ကြောင်း သုံးသပ်တင်ပြလိုက်ရပေသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ စုဒ္ဒသမအစည်းအဝေးကျင်းပမည်

ရန်ကုန် ဇွန် ၂၈

ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇) ပါးစုံညီ စုဒ္ဒသမအစည်းအဝေးကို ၁၃၇၃ ခုနှစ် ဝါဆိုလဆန်း ၉ ရက် နှင့် ၁၀ ရက်၊ (ဇူလိုင် ၉-၁၀ ရက်) (စနေ၊ တနင်္ဂနွေနေ့)များတွင် ကျင်းပမည်ဖြစ်ရာ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများသည် ၁၃၇၃ ခုနှစ် ဝါဆိုလဆန်း ၅ ရက် ၂၀၁၁ ခုနှစ် ဇူလိုင်လ ၅ ရက် (အင်္ဂါနေ့)တွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေသို့ အရောက်ကြွရောက်တော်မူပါရန် ပင့်စာများဖြင့် ပင့်လျှောက်ထားပြီး ဖြစ်ပါကြောင်း၊ ပင့်စာများ အချိန်မီမရောက်ရှိပါကလည်း အထက်ပါနေ့ရက်များတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေသို့ အရောက်ကြွရောက်တော်မူကြပါရန် ပင့်လျှောက်ထားကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီကျွင်းဟွာ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြန်ကြားရေးနှင့် ယဉ်ကျေးမှုဆိုင်ရာကဏ္ဍများ မြှင့်တင်ဆောင်ရွက်ရေး နှစ်နိုင်ငံအကြား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး

နေပြည်တော် ဇွန် ၂၈

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီကျွင်းဟွာသည် ယနေ့ညနေ ၄ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မသန်စွမ်းယဉ်ကျေးမှုအနုပညာအဖွဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ လာရောက်ဖျော်ဖြေတင်ဆက်ရေး၊ အမျိုးသားပြတိုက် (နေပြည်တော်)၊ အမျိုးသားစာကြည့်တိုက် (နေပြည်တော်) တည်ဆောက်ဖွင့်လှစ်ပြသရေးတို့အတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံ ရုပ်ရှင်၊ ရုပ်မြင်သံကြားပူးပေါင်းရိုက်ကူးထုတ်လွှင့်ပြသရေး၊ နှစ်နိုင်ငံအကြား ပြန်ကြားရေးနှင့် ယဉ်ကျေးမှုဆိုင်ရာကဏ္ဍများ ပိုမိုမြှင့်တင်ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ထိုသို့ တွေ့ဆုံရာတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းတို့မှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂၈-၆-၂၀၁၁

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၀. ၉၇၅၀	၀. ၀၃၂၂၈
တရုတ် (ယွမ်)	၆. ၄၇၃၈၅	၀. ၁၅၄၄၇
အိန္ဒိယ (ရူပီး)	၄၅. ၀၄၀၀	၀. ၀၂၂၂၀
မလေးရှား (ရင်းဂစ်)	၃. ၀၄၉၅၀	၀. ၃၂၇၉၂
စင်ကာပူ (ဒေါ်လာ)	၁. ၂၄၂၅၄	၀. ၈၀၄၈၀
ဂျပန် (ယန်း)	၈၀. ၈၅၇၈	၀. ၀၁၂၃၇
တောင်ကိုရီးယား(ဝမ်)	၁၀၈၃. ၄၄	၀. ၀၀၀၉၂
ယူရို	၀. ၇၀၀၉၄	၁. ၄၂၆၆
ဗြိတိသျှ (ပေါင်)	၀. ၆၂၆၈၀	၁. ၅၉၅၄၁

အင်တာနက်။



ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင် ပြည်ထောင်စုရှေ့နေချုပ်ရုံး ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုရှေ့နေချုပ်ရုံး ပညာသင်ထောက်ပံ့ကြေး ပေးအပ်

နေပြည်တော် ဇွန် ၂၈

၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်က အမှာစကားပြောကြားပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ အရာထမ်း အမှုထမ်းများ၏ သားသမီး ၇၉ ဦးတို့အား ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးများကို ပေးအပ်သည်။ ယင်းအခမ်းအနားသို့ ပြည်ထောင်စုရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဝင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ရုံးအဖွဲ့မှူး၊ ဒုတိယညွှန်ကြားရေးမှူးများ၊ ဥပဒေအရာရှိများ၊ စီမံအရာရှိများ၊ ရုံးဝန်ထမ်းများနှင့် ၎င်းတို့၏ သားသမီးများ တက်ရောက်ကြသည်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မဏိရတနာကျောက်စိမ်းခန်းမ ပထမထပ်တွင် ခင်းကျင်းပြသထားသည့် အရည်အသွေးကောင်း ကျောက်စိမ်းအတွဲများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

◆ရှေ့ဖုံးမှ

ထို့နောက် မဏိရတနာ ကျောက်စိမ်းခန်းမ ပထမထပ်တွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် မြန်မာ့ကျောက်မျက်ရတနာပြပွဲများ၊ ၂၀၁၀ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော်၌ ပထမအကြိမ် အောင်မြင်စွာ ကျင်းပခဲ့မှု (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ကျင်းပနိုင်ခဲ့မှု၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ မဏိရတနာကျောက်စိမ်းခန်းမ တည်ဆောက်ခဲ့မှုနှင့် ၂၀၁၁ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲ အထူးရောင်းချပွဲ ပြပွဲကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင် ဆောင်ရွက်ချက်များအား ဗီဒီယိုမှတ်တမ်းများဖြင့် ရှင်းလင်းတင်ပြမှုကို ကြည့်ရှုကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် မဏိရတနာကျောက်စိမ်းခန်းမ ပထမထပ်တွင် ခင်းကျင်းပြသထားသည့် အရည်အသွေးကောင်း ကျောက်စိမ်းအတွဲများကို လည်းကောင်း၊ မြေညီထပ်၌ ပုဂ္ဂလိကကုမ္ပဏီများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များက ခင်းကျင်းပြသထားသည့် ကျောက်မျက်ရတနာဆိုင်များကိုလည်းကောင်း၊ သက်ဆိုင်ရာ ဆပ်ကော်မတီအလိုက် အထူးရောင်းချပွဲ ပြပွဲအကြို စီစဉ်ခင်းကျင်းထားမှု အခြေအနေများကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ ၂၀၁၁ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအထူးရောင်းချပွဲ ပြပွဲကျင်းပရေး ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်နှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ၂၀၁၁ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအထူးရောင်းချပွဲ ပြပွဲကျင်းပရေး ဗဟိုကော်မတီနာယကနှင့် မြန်မာနိုင်ငံ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများအား လိုအပ်သည်များကို လမ်းညွှန်မှာကြားပြီး ပြန်လည်ထွက်ခွာသွားသည်။

၂၀၁၁ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအထူးရောင်းချပွဲကို ဇူလိုင် ၁ ရက်မှ ၁၃ ရက်အထိ နေပြည်တော် မဏိရတနာ ကျောက်စိမ်းခန်းမ၌ ကျင်းပသွားမည်ဖြစ်ပြီး ကျောက်စိမ်းအတွဲ ၂၂၃၁၇ တွဲ၊ ကျောက်မျက်အတွဲ ၂၈၄ တွဲနှင့် ပုလဲအတွဲ ၃၅၅ တွဲကို ပြသရောင်းချသွားမည်ဖြစ်သည်။

အဆိုပါ အထူးရောင်းချပွဲသို့ နိုင်ငံပေါင်း ၁၃ နိုင်ငံမှ ပြည်ပ ရတနာကုန်သည် ၆၇၀၀ ကျော်ကို ဖိတ်ကြားထားပြီး နိုင်ငံပေါင်း ရှစ်နိုင်ငံမှ ရတနာကုန်သည် ၄၀၀၀ ခန့် လာရောက်ကြမည်ဖြစ်သည်။

(သတင်းစဉ်)

ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးမြှင့်တင်ရန် မြန်မာနှင့် ဂျပန် အမြင်ချင်းဖလှယ်ဆွေးနွေး

နေပြည်တော် ဇွန် ၂၈

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား မြန်မာနိုင်ငံ၌ ရောက်ရှိနေသော ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ပါလီမန် ဒုတိယဝန်ကြီး Ms. Makiko KIKUTA နှင့်အဖွဲ့သည် ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး မစ္စတာ တခရှိ ဆိုက်တိုးနှင့် သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ပါလီမန် ဒုတိယဝန်ကြီးတို့သည် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး မြှင့်တင်ရန်တို့အတွက် ဆွေးနွေး အမြင်ချင်းဖလှယ်ခဲ့ကြသည်။

ညနေပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်က ဧည့်သည်တော် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ပါလီမန် ဒုတိယဝန်ကြီးနှင့် အဖွဲ့အား ရွှေနန်းတော်ဟိုတယ်၌ ညစာဖြင့် တည်ခင်းဧည့်ခံသည်။

(သတင်းစဉ်)

လာရောက်တွေ့ဆုံ

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ပါလီမန် ဒုတိယဝန်ကြီး Ms. Makiko KIKUTA နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ထူးချွန်စွာအောင်မြင်ခဲ့သည့် ဝန်ထမ်းများ၏ သား၊ သမီးများအား ဂုဏ်ပြုဆုချီးမြှင့်

ရန်ကုန် ဇွန် ၂၈

၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ဝန်ထမ်းများ၏ သား၊ သမီးများအား ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းတွင် ကုန်းလမ်းပို့ဆောင်ရေးအခြေစိုက် အလုပ်ရုံ အမှတ်(၃) မရမ်းကုန်း အစည်းအဝေးခန်းမ၌ ကျင်းပရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးစန်းမြင့်ဦး တက်ရောက်၍ အမှာစကားပြောကြားပြီး ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

၂၀၁၀-၂၀၁၁ ပညာသင်နှစ်တွင် ကုန်းလမ်းပို့ဆောင်ရေးအောက်ရှိ ဝန်ထမ်းများ၏ သား၊ သမီးများမှ ခြောက်ဘာသာ တစ်ဦး၊ လေးဘာသာ လေးဦး၊ သုံးဘာသာ လေးဦး၊ နှစ်ဘာသာ သုံးဦး၊ တစ်ဘာသာ ၁၅ ဦးနှင့် ရိုးရိုးအောင်မြင်သူ ၈၂ ဦး စုစုပေါင်း ၁၀၉ ဦး အောင်မြင်ခဲ့ကြောင်းသိရသည်။ (ကြေးမုံ)

အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ သတ်မှတ်ငွေကြေးနှင့် သတ်မှတ်ကာလအတွင်း ထုတ်ပေးနိုင်ရေး ဆောင်ရွက်မည်

နေပြည်တော် ဇွန် ၂၈

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် ယနေ့နံနက် ၈ နာရီ ၄၅ မိနစ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန နေပြည်တော် တပ်ကုန်းမြို့နယ် ဦးစီးဌာနမှူးရုံးသို့ရောက်ရှိကာ မြို့နယ်ရုံးမှ ဆောင်ရွက်ပြီးဖြစ်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများအား ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင် သန်းက သက်ဆိုင်ရာ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူ တစ်ဦးချင်းထံ ပေးအပ်နေမှုကို ကြည့်ရှု အားပေး၍ လုပ်ငန်းဆောင်ရွက်ချက် များအပေါ် အကြံပြုချက်များ ရယူသည်။

ညှိနှိုင်းဆောင်ရွက်

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် နိုင်ငံသားစိစစ်ရေးကတ်ပြား လာရောက်လျှောက်ထား ဆောင်ရွက်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ လုပ်ငန်းအခက်အခဲများ မေးမြန်းဆွေးနွေးကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန နေပြည်တော် တပ်ကုန်းမြို့နယ် ဦးစီးဌာနမှူးရုံး၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရုံးခန်းမ၌ မြို့နယ်ရုံးဝန်ထမ်းများအား တွေ့ဆုံ၍ မိမိဝန်ကြီးဌာနက အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ရာတွင် သတ်မှတ်ငွေကြေးနှင့် သတ်မှတ်ကာလအတွင်း လွယ်ကူလျင်မြန်စွာ ထုတ်ပေးနိုင်ရေးအတွက် ဆောင်ရွက်သွားမည့် အစီအမံများ၊ မိမိဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များကို ပြည်သူများ သိရှိနားလည်သဘောပေါက်စေရေးအတွက် စီမံဆောင်ရွက်ရမည့် နည်းလမ်းများကို ဆွေးနွေးမှာကြားပြီး ဝန်ထမ်းများ အရည်အသွေးမြင့်မားရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် ပြည်သူ့ဆန္ဒကို အလေးထားကာ ပြည်သူအား အလုပ်အကျွေးပြုကြရန် ဆက်လက်မှာကြားသည်။

ရှင်းလင်းဆွေးနွေး

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်က ကြိုတင် စီစဉ်ဆောင်ရွက်ထားရမည့် လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို မေးမြန်းဆွေးနွေးကာ ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော် နာယက ဦးခင်အောင်မြင့် တီမောလက်စ်တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၂၈

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်သည် တီမောလက်စ်တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ ဇာကာရီ ရက်စ်အယ်လ် ဘာနိုဒါကိုစတာ ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိ အစည်းအဝေးဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်နှင့်အတူ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးမြညိမ်း၊ လွှတ်တော်ကော်မတီဝင်များနှင့် လွှတ်တော်ရုံးမှတာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် တီမောလက်စ်တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ ဇာကာရီ ရက်စ်အယ်လ် ဘာနိုဒါကိုစတာအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေး

နေပြည်တော် ဇွန် ၂၈

သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီကျွင်းဟွာသည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရန်ကိစ္စများကို ဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာတွင် သစ်တောရေးရာဝန်ကြီးဌာန စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်၊ သစ်တောဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်တို့ တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)



သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီကျွင်းဟွာ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

အာရှပစိဖိတ်ဒေသခွဲအဆင့် အမျိုးသားမသန်စွမ်းမှု မူဝါဒဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် ဇွန် ၂၈

ဤအလုပ်ရုံ ဆွေးနွေးပွဲကို မြန်မာနိုင်ငံရှိ မသန်စွမ်းသူများဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မသန်စွမ်းမှုဆိုင်ရာ လုပ်ငန်းများကို အာရှပစိဖိတ်ဒေသတွင်း နိုင်ငံများနှင့် အတွေ့အကြုံဖလှယ်နိုင်ရန် လည်းကောင်း၊ မသန်စွမ်းမှုဆိုင်ရာ လုပ်ငန်းများအတွက် ရေရှည်မဟာဗျူဟာ ချမှတ်နိုင်ရန်နှင့် မသန်စွမ်းမှုဆိုင်ရာမူဝါဒ ချမှတ်နိုင်ရန် လည်းကောင်း၊ လက်ရှိဆောင်ရွက်နေသော မြန်မာနိုင်ငံ မသန်စွမ်းသူများဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်ကို ငါးနှစ်စီမံကိန်းအဖြစ် တိုးချဲ့အကောင်အထည်ဖော် မြှင့်တင်ရန်လည်းကောင်း ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်းဖြင့် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အမရဟိုတယ်၌ ကျင်းပသော အာရှပစိဖိတ်ဒေသခွဲအဆင့် အမျိုးသားမသန်စွမ်းမှု မူဝါဒဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (Sub Regional Workshop on National Policy on PWDs) ဖွင့်ပွဲအခမ်းအနား၌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေက အမှာစကား ပြောကြားသည်။

ထို့နောက် UNHCR ဌာနေကိုယ်စားလှယ် Mr. Bhairaja Panday နှင့် The Leprosy Mission International (TLMI) ၏ Disability Consultant, Dr. Michael Paul Giffiths တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြပြီး မသန်စွမ်းမှုဆိုင်ရာ အခြေခံစစ်တမ်းစာအုပ်များကို ဖြန့်ဝေသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ အာရှပစိဖိတ်ဒေသတွင်းနိုင်ငံများဖြစ်သော ထိုင်း၊ ကမ္ဘောဒီးယား၊ တရုတ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့မှ မသန်စွမ်းမှုဆိုင်ရာ ကျွမ်းကျင်သူပညာရှင်များ၊ ကုလသမဂ္ဂအောက်ရှိ အဖွဲ့အစည်းများ၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လူမှုစီးပွားရေး အဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြသည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၂၉ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေ အာရှပစိဖိတ်ဒေသခွဲအဆင့် အမျိုးသားမသန်စွမ်းမှု မူဝါဒဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနား၌ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဘားအံမြို့၌ သံလွင်မြစ်ရေ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

နေပြည်တော် ဇွန် ၂၈

သံလွင်မြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဘားအံမြို့တွင် ၇၅၉ စင်တီမီတာသို့ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ် ၇၅၀ စင်တီမီတာ အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၉-၆-၂၀၁၁ (ဗုဒ္ဓဟူးနေ့)
[၁၃၇၃ ခုနှစ်၊ နယုန်လပြည့်ကျော်(၁၃)ရက်၊ အဖိတ်နေ့]

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၁၅ ၂။ အောင်တော်မူ(စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈:၀၀ ၇။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၈:၁၅ ၈။ "သန့်ရှင်းသော စွမ်းအင်များ"
၈:၃၀ ၉။ အတီးပြိုင်ပွဲ
၈:၄၀ ၁၀။ International News
၈:၄၅ ၁၁။ တေးဂီတအစီအစဉ်
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၀၅ ၂။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၄:၁၀ ၃။ တေးဂီတအစီအစဉ်
၄:၂၀ ၄။ "ကလေးများအတွက် အကောင်းဆုံး"
၄:၃၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -စတုတ္ထနှစ် (ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
၄:၅၀ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၄:၅၅ ၇။ သီချင်းကြီးပဒေသာ
၅:၀၀ ၈။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၅:၁၅ ၉။ "ဆိုကြပျော်ရွှင်တေးသံစဉ်"
၆:၀၀ ၁၀။ ညနေခင်းသတင်း
၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၂။ မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့
၆:၄၀ ၁၃။ ရွှေရင်ခုန်သံ
၇:၀၀ ၁၄။ (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ကြိုတင်ပြင်ဆင်မှုများ (ဝူရှူးနှင့် မြား)
၇:၂၀ ၁၅။ "(၂၀၁၁)ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲ" (အကြိုခင်းကျင်းပြင်ဆင်မှုများ)
၇:၄၀ ၁၆။ အလင်္ကာကျော်စွာ ရွှေပြည်အေး နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ဂုဏ်ပြုတေးအစီအစဉ်
၈:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ ပျော်ရွှင်ရင်ခုန်ပြကွက်စုံ
၂၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာလွှမ်းသောမေတ္တာ" (အပိုင်း-၇၁)**
၂၂။ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ကြီးကြပ်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့က စီစဉ်တင်ဆက်သော ၂၀၁၀ ခုနှစ် ဇူလိုင်လ(၃)ရက် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် **"တိုင်းရင်းစုံညီ ပျိုမဒီ တီထွင်ဆင်သ ရိုးရာအလှ"** ဝတ်စားဆင်ယင် ထုံးဖွဲ့မှုပြပွဲ (အပိုင်း-၂)
၂၃။ အစီအစဉ်ပြီး၏။

ဆရာဝန်များအတွက် သင်တန်းပို့ချမည်

ရန်ကုန် ဇွန် ၂၈

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)က ကြီးမှူး ဖွင့်လှစ်မည့် Leadership and Management for medical Professionals နှင့် Communicative English (Four skills and medical communicative skills by Native Trainer and Teacher) သင်တန်းကို ဇူလိုင် ၄ ရက်နေ့မှစ၍ (တနင်္လာ၊ အင်္ဂါ၊ ကြာသပတေး၊ သောကြာ)နေ့များတွင် Leadership ကို မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီထိလည်းကောင်း၊ English Language ကို ညနေ ၃ နာရီမှ ၅ နာရီထိ လည်းကောင်း ဖွင့်လှစ်သွားမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ မြန်မာနိုင်ငံ ဆရာဝန်အသင်း Program Management Department ဖုန်း-၃၇၈၈၆၃၊ ၃၉၄၁၄၃၊ လိုင်းခွဲ(၁၁၉)သို့ ဆက်သွယ်စာရင်းပေးနိုင်ကြောင်းနှင့် သင်တန်းကာလမှာ တစ်လဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

ဇီဝမျိုးစုံ
မျိုးကွဲတွေ
ကြွယ်စေဖို့
သဘာဝတောတွေ
ထိန်းသိမ်းစို့

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၉-၆-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၅ ၁။ နိုင်ငံတော်သီချင်း
၇း၁၀ ၂။ တရားတော်
၇း၁၅ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာ့ရှုခင်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၀ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၁၀ ၁။ နိုင်ငံတော်သီချင်း
၄း၁၅ ၂။ အဖွင့်သီချင်း 2011 FIFA WOMEN'S WORLD CUP (GERMANY) -Colombia Vs Sweden (NDD)
၅း၃၀ ၃။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း (အပိုင်း-၇၇)**
၆း၀၀ ၄။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၅။ အမျိုးသားရေးတေးကဗျာ
၆း၂၀ ၆။ **Mail Box**
၆း၃၅ ၇။ ကာတွန်းအစီအစဉ် -ကြယ်တာရာမင်းသားလေး (အပိုင်း -၃၄)
၇း၀၀ ၈။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -လမင်းနေမင်း ကြယ်တစ်စင်း (အပိုင်း-၂၄)**
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၁၀။ အမျိုးသားရေးတေးကဗျာ
၁၁။ ဒို့တာဝန်အရေး(၃)ပါး
၁၂။ နိုင်ငံတကာသတင်း
၁၃။ မိုးလေဝသသတင်း
၁၄။ ရယ်စရာပျော်စရာ ဟာသကမ္ဘာ -တစ်ခါတုန်းက ကျွန်တော်တို့ရွာ (ကောင်းပြည့်၊ ဝင်းနိုင်၊ ခင်လှိုင်၊ ဒိန်းဒေါင်၊ ဝက်မ၊ ဝါဆိုမိုးဦးနှင့် သရုပ်ဆောင်များ) [ဒါရိုက်တာ-စိန်လင်း (ပုံရိပ်ရွှေမြေ)]
၁၅။ အိုင်စီတီသုတ
၁၆။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၁၇။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -အချစ်တို့တည်ရာ (အပိုင်း-၂၉)**
၁၈။ 2011 FIFA WOMEN' S WORLD CUP (GERMANY) -Brazil Vs Australia (Live)

ရင်းရင်း နှီးနှီး နှုတ်ဆက်

နိုင်ငံတော်သမ္မတ ဦး သိန်း စိန် တီမောလက်စ်တေ ဒီမိုကရက်တစ် သမ္မတ နိုင်ငံ နိုင်ငံခြားရေး ဝန်ကြီး ဒေါက်တာ ဇာကာရီ ရက်စ် အယ်လ် ဘာနီ ဒါကို စတာအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်း- ကျော်ဖုံး)
(သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန ပါလီမန်ဒုတိယဝန်ကြီးနှင့် အဖွဲ့ တွေ့ဆုံ

နေပြည်တော် ဇွန် ၂၈

ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ပါလီမန်ဒုတိယဝန်ကြီး Ms. Makiko KIKUTA နှင့်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်ကော်မတီ ဧည့်ခန်းဆောင်၌ လာရောက်တွေ့ဆုံသည်။

တက်ရောက်

ယင်းသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌ ဦးသူရိန်ဇော်၊ ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းစိန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ပါလီမန်ဒုတိယဝန်ကြီး Ms. Makiko KIKUTA နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ရမည်းသင်းမြို့နယ်၌ နွေစပါးလျာထားချက်ကျော်လွန် မိုးစပါးလျာထားချက် ပြည့်မီစွာ စိုက်ပျိုးသွားမည်

နေပြည်တော် ဇွန် ၂၈

ရမည်းသင်းမြို့နယ်၏ ၂၀၁၁ ခုနှစ် နွေစပါးစိုက်ပျိုးရန် လျာထားဧက ၁၈၀၀ ဖြစ်သော်လည်း မိုးကောင်းမွန်စွာ ရရှိသဖြင့် ဆည်ကန်များတွင် ရေပိုမိုသိုလှောင်နိုင်ကာ နွေစပါး သက်တမ်းတို အထွက်ကောင်းမျိုးများဖြစ်သည့် သီးထပ်ရင်၊ ရွှေသွယ်ရင်နှင့် ရွှေပြည်အေးစပါးတို့ကို ၂၃၃၃ ဧကအထိ စိုက်ပျိုးနိုင်ခဲ့သည်။

အဆိုပါ နွေစပါးများကို သစ်ဆုံဆည် ရေသောက်ဧက ၅၀၀၊ ကတင်ကန်ရေသောက်ဧကများအနက် အင်ကြင်းကန်နှင့် ရွှေဒါးကျေးရွာတို့၌ ၁၀၆၆ ဧက၊ ကျီးနီကန်ရေသောက် ၄၇၄ ဧက၊ မယ်အောင်ကန်နှင့် ဦးမင်းနိုင်ကန်ရေသောက် ၄၈ ဧက၊ မြင်းနား၊ ရေညီး၊ ဘွက်ကျေးရွာတို့၌ ၇၁ ဧက၊ ထနောင်းကုန်း အုပ်စု၌ ချောင်းရေတင်ဖြင့် ဧက ၆၀၊ အကျဉ်းဦးစီးဌာနနှင့် ရဲသင်တန်းကျောင်းတို့၌ ၁၁၄ ဧက စုစုပေါင်း နွေစပါး ၂၃၃၃ ဧက စိုက်ပျိုးနိုင်ခဲ့သဖြင့် လျာထားချက်ထက် ၅၃၃ ဧက ပိုမို စိုက်ပျိုးနိုင်ခဲ့ပြီး စိုက်ဧကအားလုံး အောင်မြင်ဖြစ်ထွန်းကာ ယခုအခါ ရိတ်သိမ်းလျက်ရှိသည်။

၂၀၁၁ - ၂၀၁၂ ခုနှစ်တွင် ရမည်းသင်းမြို့နယ် ကျေးရွာအုပ်စု ၆၂ အုပ်စု၌ မိုးစပါးကို သိပ္ပံနည်းကျ ပေါင်းပျိုးစနစ်ဖြင့် အထွက်ကောင်းမျိုးသန့်စပါးဧက ၆၀၁၀၀ ကို လျာထားချက် ပြည့်မီစွာ စိုက်ပျိုးထုတ်လုပ်သွားမည်ဖြစ်သည်။ (သတင်းစဉ်)

မိုးရာသီသုံးပစ္စည်းများ ဈေးရောင်းပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၂၈

ကက်ပီတယ်ဟိုက်ပါမက်စ် ရန်ကုန်နှင့် နေပြည်တော်တို့တွင် ဇူလိုင် ၁ရက်မှ ၁၀ရက်အထိ Wet Seasons! Hot Price! အမည်ဖြင့် အထူးဈေးရောင်းပွဲကို ကျင်းပမည်ဖြစ်သည်။ မိုးရာသီနှင့် ကိုက်ညီသည့် အဝတ်လျှော်စက်၊ မီးပူ၊ အဝတ်အခြောက်ခံစက်၊ အဝတ်လှန်းစင်၊ မီးပူတိုက်စင်၊ ရေပူရေအေးစက်၊ ဖုန်စုပ်စက်၊ ရေခဲသေတ္တာ၊ သန့်ရှင်းရေးသုံးပစ္စည်းများ၊ အိမ်သုံးပစ္စည်းအမျိုးမျိုး၊ ဆပ်ပြာမှုန့်၊ ဆပ်ပြာအဆီ၊ အဝတ်လျှော်ဆပ်ပြာအရည်၊ ဆပ်ပြာမျိုးစုံတို့ကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးသွားမည်ဖြစ်ပြီး ဆုမဲပေါင်းများစွာကို ကက်ပီတယ်ဟိုက်ပါမက်စ် ရန်ကုန်နှင့် ကက်ပီတယ်ဟိုက်ပါမက်စ် နေပြည်တော်တို့တွင် ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

မန္တလေး-မြစ်ကြီးနား အထက်တန်းအိပ်စင် အထူးရထား ပြေးဆွဲမည့်အစီအစဉ် ကြိုတင်အသိပေးကြေညာ

နေပြည်တော် ဇွန် ၂၈

မြန်မာ့မီးရထားသည် မန္တလေး-မြစ်ကြီးနားခရီးစဉ်တွင် ခရီးသွားပြည်သူများ ပိုမို၍ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် အထက်တန်းအိပ်စင် အထူးရထားတစ်စင်းကို ထပ်မံတိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်သည်။

အဆိုပါ အမှတ်(၃၃) အဆန်၊ (၃၄)အစုန် အထက်တန်းအိပ်စင်အထူးရထားကို ဇူလိုင် ၂ ရက် (စနေနေ့)မှ စတင်၍ ပြေးဆွဲမည်ဖြစ်ရာ အမှတ်(၃၃) အဆန်ရထားသည် မန္တလေးဘူတာမှ မွန်းလွဲ ၁နာရီတွင် စတင်ထွက်ခွာမည်ဖြစ်ပြီး မြစ်ကြီးနား ဘူတာသို့ နောက်တစ်နေ့နံနက် ၅ နာရီ ၁၀ မိနစ်တွင် ဆိုက် ရောက်မည် ဖြစ်သည်။ အလားတူပင် အမှတ်(၃၄) အစုန်ရထား သည်လည်း မြစ်ကြီးနားဘူတာမှ မွန်းလွဲ ၁ နာရီ မိနစ် ၅၀ တွင် စတင်ထွက်ခွာမည်ဖြစ်ပြီး မန္တလေးဘူတာသို့ နောက်တစ်နေ့ နံနက် ၆ နာရီတွင် ဆိုက်ရောက်မည်ဖြစ်သည်။

အမှတ်(၃၃)အဆန်ရထားကို မန္တလေးဘူတာမှ စနေ၊ အင်္ဂါ၊ ကြာသပတေးနေ့တို့တွင် လည်းကောင်း၊ အမှတ်(၃၄) အစုန်ရထားကို မြစ်ကြီးနားဘူတာမှ တနင်္ဂနွေ၊ ဗုဒ္ဓဟူး၊ သောကြာနေ့တို့တွင် လည်းကောင်း ထွက်ခွာမည်ဖြစ်ပြီး လမ်းခရီး၌ ရွှေဘိုဘူတာ၊ ကောလင်းဘူတာ၊ မိုးညှင်းဘူတာနှင့် မိုးကောင်းဘူတာတို့တွင် ရပ်တန့်ပေးမည်ဖြစ်သည်။ အဆိုပါ ရထားတွဲဆိုင်း၌ အထက်တန်းအိပ်စင်တွဲကိုးတွဲ၊ ရိုးရိုးတန်းတွဲတစ်တွဲ၊ ရထားထိန်းတွဲတစ်တွဲတို့ ပါဝင်မည်ဖြစ်သည်။ လက်မှတ်ခအနေဖြင့် အထက်တန်းအိပ်စင် တစ်နေရာလျှင် ငွေကျပ် ၁၅၀၀၀၊ ရိုးရိုးတန်းထိုင်ခုံတစ်နေရာလျှင် ငွေကျပ် ၆၃၀၀ ကျသင့်မည်ဖြစ်ပြီး နိုင်ငံခြားသားများအတွက် အိပ်စင်တစ်နေရာလျှင် အမေရိကန်ဒေါ်လာ ၄၅ ဒေါ်လာ၊ ရိုးရိုးတန်းတစ်နေရာလျှင် အမေရိကန်ဒေါ်လာ ၁၈ ဒေါ်လာ ကျသင့်မည်ဖြစ်သည်။

အချိန်မီ

အထက်ပါ အထက်တန်းအိပ်စင်အထူးရထား ပြေးဆွဲမည့် အစီအစဉ်ကို ခရီးသွားပြည်သူများ အချိန်မီ သိရှိစေရန် မြန်မာ့မီးရထားက သက်ဆိုင်ရာနယ်မြေ၊ ဘူတာများတွင် ကြိုတင်အသိပေးကြေညာထားသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်လှမင်းအား ပြင်သစ်သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီးတို့ သီးခြားစီလာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၂၈

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်လှမင်းအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ပြင်သစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.Thierry MATHOU သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

စင်ကာပူ

အလားတူ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်လှမင်းအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Chua Hian Kong Robert သည် နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်လှမင်းနှင့်အတူ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်ကျော်ညွန့်နှင့် ဗိုလ်မှူးကြီးအောင်သော်တို့လည်း တက်ရောက်ကြသည်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်လှမင်းအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.Chua Hian Kong Robert လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော်ခရီးသွားပြပွဲနှင့်အစားအစာပြပွဲ၌ သန့်ရှင်းသော အစားအစာများ ရောင်းချမည် ကျပ်ငွေ၊ ယွမ်ငွေ၊ အမေရိကန်ဒေါ်လာ နှစ်သက်ရာငွေကြေးဖြင့် ဝယ်ယူစားသောက်နိုင်

နေပြည်တော် ဇွန် ၂၈

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့၏ ဦးဆောင်မှုဖြင့် မကြာမီ ကျင်းပမည့် နေပြည်တော်ခရီးသွားပြပွဲနှင့် အစားအစာပြပွဲ အောင်မြင်စွာ ခင်းကျင်းပြသနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ယနေ့ နံနက်ပိုင်းတွင် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် ပြခန်းမှုခ်ဦး ဆောက်လုပ်ပြင်ဆင်ထားမှုနှင့် မြန်မာနိုင်ငံ စားသောက်ဆိုင် လုပ်ငန်းရှင်များ အသင်း၏ ပြခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ခံများနှင့် လုပ်ငန်းရှင်များအား မိမိတို့ ကျွေးမွေးသော အစားအစာများ သန့်ရှင်းလတ်ဆတ်ရေး၊ အဆင့်အတန်းမီအောင် ပြင်ဆင်ခင်းကျင်းရေး၊ စွန့်ပစ်ပစ္စည်းများကို စနစ်တကျ စုစည်းစွန့်ပစ်ရေး၊ အနံ့အသက်ကင်းရှင်းရေး၊ အန္တရာယ်ကင်းရှင်းစွာ သက်သောင့်သက်သာ စားသောက်နိုင်ရေး၊ ကြိုက်နှစ်သက်သည့် ဟင်းလျာများကို အလွယ်တကူ မှာကြားနိုင်ရေးတို့ကို ဂရုပြုဆောင်ရွက်ပေးရန် မှာကြားသည်။

အဆိုပါ နေပြည်တော် ခရီးသွားပြပွဲနှင့် အစားအစာပြပွဲတွင် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့(MTB)အောက်ရှိ ဟိုတယ်လုပ်ငန်း၊ ခရီးသွားလုပ်ငန်း၊ အမှတ်တရပစ္စည်းအရောင်းဆိုင်လုပ်ငန်း၊ ပို့ဆောင်ရေးလုပ်ငန်း၊ ဧည့်လမ်းညွှန်လုပ်ငန်း၊ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်း အသီးသီးတို့က မိမိတို့၏ ခရီးစဉ်ဒေသအလှအပများနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို ဗီနိုင်း၊ ဓာတ်ပုံ၊ ပန်းချီ၊ ဗီဒီယိုများ၊ နမူနာပုံစံငယ်များဖြင့် ခင်းကျင်းပြသထားပြီး စားသောက်ဆိုင်လုပ်ငန်းရှင်များကလည်း သန့်ရှင်းလတ်ဆတ်သော အစားအစာများ ပြသရောင်းချခြင်းကို နေပြည်တော်နှင့် ရန်ကုန်မြို့တို့မှ ဆိုင်ပေါင်း ၂၄ ဆိုင်တို့ဖြင့် တက်ကြွစွာ ပါဝင်ဆောင်ရွက်သွားမည် ဖြစ်သည်။ ပြည်တွင်းပြည်ပ ဧည့်သည်များအနေဖြင့် အဆိုပါ စားသောက်ဆိုင်များ၌ ကူပွန်စနစ်ဖြင့်ဝယ်ယူစားသောက်ရာတွင် ကျပ်ငွေ၊ ယွမ်ငွေ၊ အမေရိကန်ဒေါ်လာ စသည်ဖြင့် ကြိုက်နှစ်သက်ရာ ငွေကြေးဖြင့် ဝယ်ယူစားသောက်နိုင်သည်။ (သတင်းစဉ်)

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း နေပြည်တော်ခရီးသွားပြပွဲနှင့် အစားအစာပြပွဲ အောင်အောင်မြင်မြင် ခင်းကျင်းပြသနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန သစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ပွဲ ကျင်းပ

နေပြည်တော် ဇွန် ၂၈

စွမ်းအင်ဝန်ကြီးဌာန၏ ၂၀၁၁ ခုနှစ် မိုးရာသီ ဒုတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲနှင့် ငါးသားပေါက် မျိုးစိုက်ထည့်ပွဲကို ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာနရုံးများ၌ ကျင်းပရာ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး တက်ရောက်၍ စိန်တလုံး သရက်ပင်ကို စိုက်ပျိုးပေးပြီး ဦးဆောင်ညွှန်ကြားရေးမှူးများက သတ်မှတ်နေရာများ၌ စိန်တလုံး သရက်ပင်များကို စိုက်ပျိုးပေးကြသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဝန်ထမ်းများ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဝန်ကြီးရုံး ဆည်အတွင်းသို့ ငါးမြစ်ချင်း၊ ငါးခုံးမကြီး၊ တီလားပီးယား၊ ငွေရောင်ငါးကြင်းများနှင့် ငါးသားပေါက်များကို မျိုးစိုက်ထည့်ပေးကြသည်။ ယနေ့ မျိုးစိုက်ထည့်ခဲ့သည့် ငါးသားပေါက်များ အရေအတွက်မှာ ၁၅၀၀၀ ကျော်ခန့် ဖြစ်သည်။

စွမ်းအင်ဝန်ကြီးဌာန၏ သတ်မှတ်နယ်မြေဧရိယာ ၂၂၅ ဧကအတွင်း ၂၀၀၆ ခုနှစ်မှစတင်ကာ နှစ်ရှည်အရိပ်ရလေကာပင်များ၊ နှစ်ရှည်သီးပင်စားပင်များနှင့် ပန်းအလှပင်များ စုစုပေါင်း အပင်ရေ ၅၉၆၀၀ ကျော် စိုက်ပျိုးခဲ့ပြီးဖြစ်ရာ ယနေ့ ၂၀၁၁ ခုနှစ် မိုးရာသီ ဒုတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ တမာ၊ စိန်တလုံး၊ ငုရွှေဝါ၊ အော်ရီရှား၊ စွယ်တော်၊ ကံ့ကော်၊ ကုက္ကို၊ စိန်ပန်းကြီး၊ ပန်းမဲဇလီ၊ မဲဇလီနှင့်အခြား အရိပ်ရ လေကာပင်မျိုးစုံ စုစုပေါင်း ၈၀၀ ကျော် စိုက်ပျိုးခဲ့ကြသဖြင့် စုစုပေါင်း အပင် ၆၀၄၀၀ကျော် စိုက်ပျိုးထားရှိပြီး ဖြစ်သည်။

(သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံး ဆည်အတွင်းသို့ ငါးမျိုးစိုက်ထည့်ပေးစဉ်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၉-၆-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ "ပဋ္ဌိစ္စသမုပ္ပာဒ်အထူးသင်တန်း" တရားတော် [ဘဒ္ဒန္တစန္ဒသေန (သုညတဓမ္မဆရာတော်)]
- ၆း၄၀ စေတီတို့ရဲ့နောင်တော် တွံတေးရွှေဆံတော်
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နှေးထွေးသောမေတ္တာ" (အပိုင်း-၄၉)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၁၀၇)**
- ၈း၄၅ ကြည်ညိုဖွယ် ပါဒသမိုင်းဝင် ရွှေဟောင်းကျိုက်သာမည် (ယခုကျိုက္ခမီ)စေတီတော်
- ၉း၀၀ စာအုပ်စာပေလှူမိတ်ဆွေ
- ၉း၂၀ ရွှေချယ်အစုံစုံ ရင်သွေးရိပ်မြုံ
- ၉း၄၀ အားကစားမြင်ကွင်းစုံ
- ၁၀း၁၀ JAPAN VIDEO TOPICS
- ၁၀း၁၅ အနာကြီးရောဂါ ကာကွယ်စောင့်ရှောက်ရေး
- ၁၀း၅၀ ဓာတ်ပုံထဲမှအမှတ်တရများ
- ၁၁း၁၅ ကွိုင်နက္ခတ်ဇာတ်လမ်းနှင့် မိတ်ဆက်ပေးခြင်း
- ၁၁း၄၀ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂း၀၅ ကြည်လင်သောရေ၏ လျှို့ဝှက်ချက်
- ၁၂း၂၀ မေတ္တာပရဟိတဂေဟာ မေတ္တာအလှူပွဲ
- ၁၂း၃၅ စားချင်စဖွယ်နည်း အသွယ်သွယ်
- ၁း၀၀ "ပဋ္ဌိစ္စသမုပ္ပာဒ်အထူးသင်တန်း" တရားတော် [ဘဒ္ဒန္တစန္ဒသေန (သုညတဓမ္မဆရာတော်)]
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ စကားနပန်း
- ၃း၂၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နှေးထွေးသောမေတ္တာ" (အပိုင်း-၄၉)**
- ၄း၁၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၁၀၇)**
- ၅း၀၀ Activities In The City
- ၅း၁၀ ရွှေမန္တလေးမှ ရွှေပန်းထိမ်
- ၅း၃၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ ပုသိမ်မြို့ ပါတလိ အမှတ်(၁၂) အခြေခံပညာမူလတန်းကျောင်းဆောင် သစ်ပေးအပ်လှူဒါန်းပွဲ
- ၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နှေးထွေးသောမေတ္တာ" (အပိုင်း-၅၀)**
- ၇း၂၀ Cartoon Show Time
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ သင်ကြားရေးလမ်းညွှန်
- ၈း၅၅ မန္တလေးမြို့မှတိတ်ဆိတ်ခြင်း၏ ခွန်အားသစ်များ
- ၉း၁၅ Celebrity Style
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၁၀၈)**
- ၁၀း၂၀ Industrial Talk
- ၁၀း၅၀ နေချင်စဖွယ် အိမ်အလှဆင်ကြမယ်
- ၁၁း၁၀ ထာဝရရှင်သန်တောက်ပဆဲ အနုပညာကြယ်ကြွေပွင့်များ
- ၁၁း၅၀ မိုးအလှပန်းချီတေးကိုသီ
- ၁၂း၁၀ World of Knowledge
- ၁း၀၀ အားကိုးအားထား
- ၁း၁၅ ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင်
- ၁း၃၅ အသုံးဝင်မှုများစွာနှင့် ရေကြောင်းသုံး "GPS"
- ၁း၅၅ Shooting Location
- ၂း၂၀ ထန်းပင်မှဖြစ်သည့် အနုပညာ
- ၂း၃၀ စုပေါင်းဆင်နွှဲမန္တလာမြေရဲ့ခြင်းပွဲ
- ၂း၅၀ "ကြက်သွန်" စိုက်ပျိုးဖြစ်ထွန်း အောင်မြင်ဆိပ်ဖြူမြို့တစ်ခွင်
- ၃း၀၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်
- ၄း၀၀ မြန်မာ့ဂုဏ်ကိုဆောင်စေကြောင်း မြန်မာ့တူရိယာစောင်း
- ၄း၁၀ ဗဟုသုတများစုဆောင်းရာ Knowledge Bank
- ၄း၃၀ အံ့ဖွယ်တန်ခိုးတော်အဖြာဖြာ ကျောင်းတော်ရာ
- ၄း၄၀ အညာမြေအလှနှင့် ရေနံမြေမှ သာသနာ
- ၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား အစ္စရေးနိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

ပြန်ကြားရေးနှင့် ယဉ်ကျေးမှုကဏ္ဍများ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

နေပြည်တော် ဇွန် ၂၈

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အစ္စရေးနိုင်ငံသံအမတ်ကြီး H.E. Mr. Yaron Mayerသည် ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ရုံးခန်းမ၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံအကြားချစ်ကြည်ရေးလုပ်ငန်းများ ပိုမိုပူးပေါင်းဆောင်ရွက်ရေး၊ ပြန်ကြားရေးနှင့် ယဉ်ကျေးမှုကဏ္ဍများ၏ သတင်းဖလှယ်မှုဆိုင်ရာ လုပ်ငန်းများနှင့် ရှေးဟောင်းသုတေသနဆိုင်ရာလုပ်ငန်းများတွင် ပိုမိုပူးပေါင်းဆောင်ရွက်ရေးနှင့် မြန်မာနိုင်ငံ၌ ဂီတပြပွဲရုပ်ရှင်ပြပွဲနှင့် ဓာတ်ပုံပြပွဲများ ပြသရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့အောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းတို့မှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အစ္စရေးနိုင်ငံ သံအမတ်ကြီး H.E. Mr. Yaron Mayer လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

ပထမအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) ပထမနေ့ ကျင်းပစဉ်။

(သတင်းစဉ်)

ပထမအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၁) ပထမနေ့ ကျင်းပ

နေပြည်တော် ဇွန် ၂၈

ပထမအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) ပထမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် မုံရွာမြို့ရှိ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသင်းလှိုင်၊ ဒုတိယဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ၁၀၁ ဦးရှိသည့်အနက် အားလုံးတက်ရောက်သည့်အတွက် ရာနှုန်းပြည့်တက်ရောက်သဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

အစီအစဉ်အရ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးဌာနများ ပြင်ဆင်ဖြည့်စွက် ဖွဲ့စည်းရန် နိုင်ငံတော်သမ္မတ၏ အဆိုပြုချက်နှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်သို့ တင်ပြပြီး အတည်ပြုချက်ရယူရာ လွှတ်တော်ကိုယ်စားလှယ်အားလုံးက သဘောတူသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

ပြင်ဆင်ဖြည့်စွက်ဖွဲ့စည်းသည့် တိုင်းဒေသကြီးဝန်ကြီးဌာနများမှာ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန၊ သစ်တော၊ သတ္တုနှင့် စွမ်းအင်ဝန်ကြီးဌာန၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာန၊ စည်ပင်သာယာရေးဝန်ကြီးဌာနနှင့် လူမှုရေးဝန်ကြီးဌာနတို့ဖြစ်သည်။

ထို့နောက် ပထမအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) ပထမနေ့ကို နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

ပထမအကြိမ် ကချင်ပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၁)ပထမနေ့ ကျင်းပ

နေပြည်တော် ဇွန် ၂၈

ပထမအကြိမ် ကချင်ပြည်နယ်လွှတ်တော်အထူးအစည်းအဝေး (၁/၂၀၁၁) ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကချင်ပြည်နယ် လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဇွန်ဂန်ဆိုင်း၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးရားဇော်ဂျူ၊ ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၅၁ ဦး ရှိသည့်အနက် ၄၆ ဦး တက်ရောက်ရာ (၉၀ ဒသမ ၁၉)ရာခိုင်နှုန်း တက်ရောက်သဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

အစီအစဉ်အရ ကချင်ပြည်နယ်ဝန်ကြီးဌာနများ ပြင်ဆင်ဖြည့်စွက်ဖွဲ့စည်းရန် နိုင်ငံတော်သမ္မတ၏ အဆိုပြုချက်နှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်သို့တင်ပြပြီး အတည်ပြုချက်ရယူရာ လွှတ်တော်ကိုယ်စားလှယ်အားလုံးက သဘောတူသည့်အတွက် အတည်ပြုကြောင်းကြေညာသည်။

ပြင်ဆင်ဖြည့်စွက်ဖွဲ့စည်းသည့် ပြည်နယ်ဝန်ကြီးဌာနများမှာ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန၊ သစ်တောနှင့် သတ္တုဝန်ကြီးဌာန၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန၊ လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာန၊ စည်ပင်သာယာရေးဝန်ကြီးဌာနနှင့် လူမှုရေးဝန်ကြီးဌာနတို့ ဖြစ်သည်။

ဆက်လက်၍ ပြင်ဆင်ဖြည့်စွက်ဖွဲ့စည်းထားရှိသည့် ကချင်ပြည်နယ်ဝန်ကြီးဌာနများတွင် ခန့်အပ်မည့် ဝန်ကြီးများ၏ အမည်စာရင်းများကို ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဇွန်ဂန်ဆိုင်းက လွှတ်တော်သို့ တင်ပြသည်။

ခန့်အပ်မည့် ပြည်နယ်ဝန်ကြီးဌာနနှင့် ပြည်နယ်ဝန်ကြီးများ၏ အမည်စာရင်းမှာ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးအဖြစ် တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးကြီးသန်းအောင်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးအဖြစ် မိုးညှင်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးညွှန့်အောင်၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ချီဖွေမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးဘီဇော်ဇောင်း၊ သစ်တောနှင့် သတ္တုဝန်ကြီးဌာန ဝန်ကြီးအဖြစ် ရွှေကူ မဲဆန္ဒနယ် အမှတ်(၁)မှ ဦးအောင်နိုင်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် မြစ်ကြီးနားမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဒေါက်တာခင်မောင်ထွန်း၊ လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာန ဝန်ကြီးအဖြစ် မြစ်ကြီးနားမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးကမန်းဒူနော်၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာန ဝန်ကြီးအဖြစ် မန်စီမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးစိုင်းမောင်ရွှေ၊ စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် အင်ဂျန်းယန်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးအလေးပါးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဆွတ်ပရာဘွမ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါ်ဘောက်ဂျာတို့ဖြစ်သည်။

ဆက်လက်၍ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပြင်ဆင်ဖြည့်စွက်ဖွဲ့စည်းထားရှိသည့် ကချင်ပြည်နယ် ဝန်ကြီးဌာနများတွင် ခန့်အပ်မည့် ဝန်ကြီးများ၏ အမည်စာရင်းကို ပြည်နယ်လွှတ်တော်သို့တင်ပြပြီး အဆုံးအဖြတ်ရယူရာ တက်ရောက်လာသည့် လွှတ်တော်ကိုယ်စားလှယ် အားလုံးက သဘောတူကြသဖြင့် အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် ပထမအကြိမ် ကချင်ပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) ပထမနေ့ကို နံနက် ၁၀ နာရီ ၁၇ မိနစ်တွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

ပထမအကြိမ် ကချင်ပြည်နယ်လွှတ်တော်အထူးအစည်းအဝေး (၁/၂၀၁၁) ပထမနေ့ ကျင်းပစဉ်။

(သတင်းစဉ်)





စည်းကမ်းပျက်ယာဉ်များ စစ်ဆေးအရေးယူပညာပေး

နေပြည်တော် ဇွန် ၂၈

နေပြည်တော်ကောင်စီဝင် နေပြည်တော် ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးစောလှနှင့် ဆက်စပ်ကော်မတီအဖွဲ့ဝင်များသည် နေပြည်တော် ကောင်စီနယ်မြေအတွင်း မြို့နယ် ရှစ်မြို့နယ်ရှိ မြို့နယ်ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ နေပြည်တော် ယာဉ်ထိန်းတပ်ဖွဲ့နယ်မြေခံရဲ၊ မော်တော်ယာဉ်လိုင်စင်ပေးရေးစုံ ထိန်းသိမ်းရေး ကော်မတီ(မြို့တွင်း)တို့ ပူးပေါင်းစစ်ဆေးသော အဖွဲ့များက ဇွန် ၂၆ ရက် နံနက် ၇ နာရီမှ ညနေ ၆ နာရီအထိ မြို့နယ်အတွင်း သတ်မှတ်နေရာများ၌ လမ်းအသုံးပြုသူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာစေရေး၊ မော်တော်ဆိုင်ကယ်၊ မော်တော်ယာဉ်၊ အနေးယာဉ်၊ ခြေကျင်လျှောက်သူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ စနစ်တကျသွားလာစေရန်အတွက် စည်းကမ်းပျက်ယာဉ်များအား စစ်ဆေးအရေးယူ ပညာပေးမှု အစီအစဉ်ဖြင့် ဆောင်ရွက်နေမှုများအား လှည့်လည်ကြပ်မတ်စစ်ဆေးခဲ့ပြီး ဆောင်ရွက်ရမည့် နည်းလမ်းများကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စည်းကမ်း လိုက်နာ ဘေးကင်းကွာ

ရွေးချယ်ခွင့်က လက်ထဲမှာ

ပြည့်စုံအောင်

ယနေ့အချိန်ကာလသည် ခေတ်ပြောင်းစနစ်ပြောင်းကာလဖြစ်သည်။ စနစ်ပြောင်းသွားပြီဖြစ်သကဲ့သို့ ခေတ်ကလည်း လိုက်လျောညီထွေ ပြောင်းလဲနေသည်။ ပြောင်းလဲလာသည့် ခေတ်စနစ်နှင့်အညီ အားလုံး၏ အတွေးအခေါ်၊ လုပ်နည်းလုပ်ဟန်၊ အနာဂတ်အစီအမံများကအစ ပြောင်းလဲနေသည်။ အပြောင်းအလဲကို လိုအပ်နေသည့် ယနေ့ပြည်သူတို့၏ ဆန္ဒနှင့်အညီ ချောမွေ့တည်ငြိမ်စွာ ပြောင်းလဲနေခြင်းအပေါ် ကျွန်တော်တို့ အားရကျေနပ်မိသည်မှာ အမှန်ပင်ဖြစ်သည်။

ယနေ့ ကျွန်တော်တို့နိုင်ငံတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံ ထူထောင်နိုင်ရန်အတွက် အခြေခံအုတ်မြစ်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ရှိပြီးနေပေပြီ။ အဆိုပါ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပေါ်ပေါက်လာသည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်များသည်လည်း အသီးသီး လှုပ်ရှားသက်ဝင်နေပေပြီ။ ပြည်သူများအနေဖြင့်လည်း မိမိတို့ဆန္ဒအတိုင်း လွှတ်တော်ကိုယ်စားလှယ်များ ရွေးချယ်တင်မြှောက်ပိုင်ခွင့်နှင့် မိမိကိုယ်တိုင် ရွေးချယ်ခံပိုင်ခွင့်များကို ရရှိခဲ့ပြီးကြပေပြီ။ ဤသည်များမှာ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ် ပေါ်ပေါက်နိုင်ရေးအတွက် လိုအပ်သည့် အခြေခံကောင်းများပင် ဖြစ်သည်။

၎င်းအခြေခံကောင်းများမှတစ်ဆင့် ဒီမိုကရေစီစနစ်ကို ခိုင်ခိုင်မာမာ အနှစ်သာရရှိရှိ မှန်မှန်ကန်ကန် ကျင့်သုံးနိုင်ရန်အတွက် နိုင်ငံရေးပါတီများအပါအဝင် အစိုးရအဖွဲ့၊ ဌာနဆိုင်ရာများနှင့် ပြည်သူလူထုအတွင်း ဒီမိုကရေစီကျင့်စဉ်များ ထွန်းကားရန်လိုအပ်သည်။ ဤသို့ ထွန်းကားနိုင်ရန်အတွက်လည်း အားလုံးအနေဖြင့် မိမိတို့၏ လွတ်လပ်ခွင့်နှင့် အခွင့်အရေးများကို ကျင့်သုံးရာဝယ် တည်ဆဲဥပဒေများနှင့်အညီ၊ ယဉ်ကျေးမှု ထုံးဓလေ့ကျင့်ဝတ်များနှင့်အညီ လိုက်နာကျင့်သုံးရန်လည်း မဖြစ်မနေ လိုအပ်ပေသည်။ လွတ်လပ်မှုနှင့် တာဝန်သိမှု၊ လွတ်လပ်မှုနှင့် စည်းကမ်းရှိမှုများကို မှန်မှန်ကန်ကန် ကျင့်သုံးနိုင်မှသာ မြန်မာ့လူ့အဖွဲ့အစည်းသည် ဒီမိုကရေစီကျင့်စဉ်ထွန်းကားသည့် လူ့အဖွဲ့အစည်းအဖြစ် ပေါ်ထွန်းလာနိုင်မည်ဖြစ်သည်ကို မမေ့အပ်ပေ။

ကျွန်တော်အပါအဝင် ယနေ့ပြည်သူတိုင်းက အစိုးရအဖွဲ့သစ်၏ အသွင်သဏ္ဌာန်၊ အနှစ်သာရ၊ လုပ်နည်းလုပ်ဟန်၊ အနာဂတ်အစီအမံစသည်များကို မျှော်လင့်စောင့်စား အားထားနေကြသည်။ တိုတောင်းလှသောကာလအတွင်း အပြောနှင့်အလုပ်ညီအောင် ကြိုးပမ်းအားထုတ်နေသည်ကိုလည်း အသိအမှတ်ပြုကြသည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာဝယ် ပထမဆုံး (၅)နှစ်တာကာလသည် အရေးအကြီးဆုံးဖြစ်သည်ကိုလည်း နားလည်လက်ခံကြသည်။ ယခု (၅)နှစ်အတွင်း မှန်ကန်ခိုင်မာသည့် ခြေလှမ်းများကို အောင်မြင်စွာ လှမ်းလျှောက်နိုင်မည်ဆိုပါက နိုင်ငံ၏ အနာဂတ်ခရီးလမ်းသည် ဖြောင့်ဖြူးသာယာချောမွေ့ပြီး အရှိန်အဟုန်ကောင်းကောင်းနှင့် ပန်းဝင်နိုင်မည်မှာ မြေကြီးလက်ခတ်မလွဲပင်ဖြစ်သည်။

ဈေးကွက်စီးပွားရေးစနစ်တွင် လူတိုင်း အလုပ်လုပ်နိုင်ရမည်။ အစိုးရက အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးပေးမည်။ ပြည်သူတိုင်းက အားကြိုးမာန်တက် အလုပ်လုပ်ကြမည်။ လူတိုင်းအလုပ်လုပ်မှ လူတိုင်းဝင်ငွေရှိပြီး တိုင်းပြည်၏ GDP လည်း တိုးလာမည်။ အသစ်ဖြစ်ထွန်းပေါ်ပေါက်လာသော စီးပွားရေးအခွင့်အလမ်းများကို အရအမိဆုပ်ကိုင်ပြီး ကိုယ်စီဘဝ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဥပဒေနှင့်အညီ စီးပွားရှာကြမည်။ လူမှုစီးပွားဘဝမြင့်တက်အောင် မြှင့်တင်ကြမည်။ ဤသို့ဆောင်ရွက်နိုင်ရန်မှာ တည်ငြိမ်အေးချမ်းမှုသည် အဓိကဖြစ်သည်။ တည်ငြိမ်မှ၊ အေးချမ်းမှ လူတိုင်း ကိုယ့်လမ်းကို ကိုယ်ဖြောင့်အောင်၊ မှန်အောင်၊ ချောမွေ့အောင် လျှောက်နိုင်မည်။ တည်ငြိမ်မှ၊ အေးချမ်းမှ လူတိုင်း ကိုယ့်စီးပွားကိုယ်ရှာပြီး ချမ်းသာနိုင်ကြမည်။ ထို့ကြောင့် တည်ငြိမ်အေးချမ်းမှုသည် နိုင်ငံနှင့်ပြည်သူ၏ အနာဂတ်အတွက် မရှိမဖြစ် အခြေခံအကျဆုံးလိုအပ်ချက်ဖြစ်သည်။

ပြောရလျှင် ယနေ့အချိန်အခါသည် နိုင်ငံ့သမိုင်း၌ မကြုံစဖူး ထူးထူးကဲကဲ တည်ငြိမ်အေးချမ်းမှု အပြည့်အဝရှိနေသည့် ကာလဖြစ်သည်ကို အားလုံးလက်ခံကြသည်။ နယ်စပ်ဒေသအချို့မှအပ တရားဥပဒေစိုးမိုးမှု၊ လုံခြုံမှုအပြည့်ရှိနေသည်။ ဥပဒေ၏ ထီးရိပ်အောက်ဝယ် လူတိုင်း လုံခြုံစိတ်ချအေးချမ်းစွာ လွတ်လွတ်လပ်လပ် စီးပွားရှာနိုင်ကြသည်။ ကြောင့်ကြမဲ့ လွတ်လပ်စွာ သွားလာလှုပ်ရှားနေထိုင်နိုင်ကြသည်။ ယနေ့ လက်ရှိ တည်ငြိမ်အေးချမ်းမှုအခြေအနေသည် ဘယ်ခေတ် ဘယ်ကာလနှင့်မျှ မယှဉ်သာအောင် သာလွန်နေသည်ကား အမှန်ပင်။ ထို့ကြောင့် ကျွန်တော်တို့ပြည်သူတိုင်းက လက်ရှိ တည်ငြိမ်အေးချမ်းမှု အခြေအနေကောင်းကို အပျက်မခံနိုင်။ ပျက်သွားမှာကို စိုးရိမ်သည်။ တည်တည်ငြိမ်ငြိမ် အေးအေးချမ်းချမ်းနှင့် စိတ်အေးချမ်းသာနေရသည့် အခြေအနေကောင်းတစ်ခုမှ ဆူဆူပူပူ ရုတ်ရုတ်သဲသဲနှင့် ပူပန်ကြောင့်ကြစွာ ဖြတ်သန်းရမည့် အခြေအနေဆိုးတစ်ခုသို့ ရုတ်တရက် ရောက်ရှိသွားမှာမျိုးကို လုံးဝအဖြစ်မခံနိုင်သည်မှာ ပြည်သူတိုင်း၏ ရင်ထဲမှဆန္ဒအမှန်ပင် ဖြစ်သည်။

သို့သော် ကျွန်တော်တို့ စိုးရိမ်နေသည့် အခြေအနေတစ်ရပ်ဆီသို့ တွန်းပို့နေကြသူများ ရှိနေသေးသည်မှာလည်း အမှန်ပင်ဖြစ်သည်။ ငြိမ်နေသည့်ကန်ရေပြင်ကို ခဲလုံးပစ်ချပြီး လှိုင်းဂယက်ထအောင် ဖန်တီးလိုသူတို့ ယနေ့တိုင်ရှိနေခြင်းမှာ ကျွန်တော်တို့ ပြည်သူတိုင်းအတွက် ကြမ္မာဆိုးတစ်ရပ်ပင်ဖြစ်သည်ဟု ယူဆမိသည်။ အပြုသမားတို့ ရှေ့ကို အားကုန်ပြေးနေချိန်မှာ အဖျက်သမားတို့၏ ပယောဂကြောင့် နှောင့်နှေးသွားလျှင်၊ ရပ်တန့်သွားလျှင် ကျွန်တော်တို့ ရင်ကျိုးရမည်။ စေ့စေ့တွေးက စိတ်မသက်သာဖွယ်ပင်ဖြစ်၏။

ဥပဒေစကားအရ ပြောရလျှင် NLD ဟူသည်မရှိတော့။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ တွင် အကျုံးဝင်သည့် နိုင်ငံရေးပါတီ (၁၀)ပါတီကို သတ်မှတ်ထားသည့်ရက်ပေါင်း (၆၀)အတွင်း နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်ခွင့် လျှောက်ထားနိုင်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၉-၄-၂၀၁၀ ရက်စွဲပါ ကြေညာချက်အမှတ်(၁၈/၂၀၁၀)ဖြင့် အသိပေးကြေညာခဲ့သည့်တိုင် (၅)ပါတီကသာ သတ်မှတ်ရက်အတွင်း နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်လျှောက်ထားခဲ့ပေသည်။ ထိုသို့လျှောက်ထားခဲ့သည့် (၅)ပါတီတွင် အားလုံးသိပြီးဖြစ်သည့်အတိုင်း NLD မပါဝင်ခဲ့။ မရေမရာ၊ မခိုင်မာသော အကြောင်းပြချက်များဖြင့် ရွေးကောက်ပွဲလမ်းကြောင်းကို ဆန့်ကျင်ခဲ့သည်။ ထို့ကြောင့် သတ်မှတ်ရက်အတွင်း နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်လိုကြောင်း လျှောက်ထားခြင်းမရှိသည့်အတွက် ဥပဒေအရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်ရပ်တည်ခွင့်မရှိသော အဖွဲ့အစည်းများစာရင်း၌ NLD သည် အထင်အရှား ပါဝင်ခဲ့ပြီးဖြစ်သည်။ ၁၄-၉-၂၀၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက် ၉၇/၂၀၁၀ အရ NLD ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်၍ ပါတီကို ဖျက်သိမ်းပြီးဖြစ်ကြောင်း တရားဝင်ကြေညာခဲ့ပြီးဖြစ်သည်ကိုလည်း အားလုံးအသိပင်ဖြစ်သည်။

မှတ်သားမိသလောက်ပြောရလျှင် နိုင်ငံရေးပါတီအဖြစ် ဆက်လက်မှတ်ပုံမတင်ခဲ့သည့် ယခင်ပါတီဟောင်း (၅)ပါတီအနက် အချို့ပါတီများသည် အခြားပါတီများနှင့် ပူးပေါင်း၍လည်းကောင်း၊ ပါတီအမည်သစ်ဖြင့်လည်းကောင်း ရွေးကောက်ပွဲဝင်ခဲ့ကြသည်။ ၂၀၁၀ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သည့် ပါတီပေါင်း (၃၂)ပါတီရှိခဲ့ပြီး (၂၂)ပါတီမှ ကိုယ်စားလှယ်အဖြစ် အရွေးချယ်ခံရသည့် မှတ်တမ်းရှိခဲ့သည်။ ရွေးကောက်ပွဲဝင်သည့် ပါတီအများစုအနေဖြင့် ကိုယ်စားလှယ်များ ရွေးချယ်တင်မြှောက်ခံရသည့်အတွက် လွှတ်တော်အသီးသီးတွင် ပါဝင်ခွင့်ရရှိကြပြီး ပြောဆိုဆွေးနွေးနိုင်သည့် အခွင့်အရေးများ ရရှိခဲ့ကြသည်။ ရွေးကောက်ပွဲမဝင်ပါက လွှတ်တော်အသီးသီးတွင် ပါဝင်ခွင့်နှင့် ပြောရေးဆိုခွင့်ဆိုသည်တွေ ဘယ်မှာလာ ရနိုင်ပါ့မလဲ။

အမှန်စင်စစ် မတူညီသည့်သဘောထားအမြင်များ ရှိကြစေကာမူ နိုင်ငံနှင့်ပြည်သူ၏ အကျိုးစီးပွားအတွက် တူညီသည့်ကိစ္စများ၌ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း၊ ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ပြီး လုပ်ပိုင်ခွင့်အာဏာကို တရားနည်းလမ်းတကျ ရယူခြင်းများ ဆောင်ရွက်ကြမည်ဆိုပါက နတ်လူသာခုခေါ်ကြရမည့်ကိစ္စပင်ဖြစ်သည်။ သို့သော် ပျက်ပြယ်ပြီးပါတီကြီးကမူ ထိုသို့မဟုတ်ခဲ့။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆန့်ကျင်သည်။ ၂၀၁၀ ရွေးကောက်ပွဲကို ဆန့်ကျင်သည်။ ယခင်အစိုးရဟောင်းကိုရော ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ရွေးကောက်ပွဲလမ်းကြောင်းဖြင့် ပြည်သူက ရွေးချယ်တင်မြှောက်လိုက်သည့် အစိုးရသစ်ကိုရော ဆန့်ကျင်သည်။ မဖြစ်နိုင်သည့် တောင်းဆိုချက်များကိုတောင်းဆိုပြီး တစ်ဖက်က အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး တည်ဆောက်ရန်လိုသည်ဟု ကြွေးကြော်သည်။ ပြည်ပအားကိုးဖြင့် ယနေ့ပြည်သူ၏ဆန္ဒနှင့် အကျိုးစီးပွားကို ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်သည်။ ဆန့်ကျင်မှုသံသရာကား ဆုံးသည်မရှိတော့။

ယခုလည်း ဒေါ်အောင်ဆန်းစုကြည်က နယ်ခရီးထွက်ဦးမည်ဟုဆိုသည်။ နောက်လိုက်နောက်ပါ တပည့်တပန်းများကလည်း လူထုခေါင်းဆောင်သည် လူထုနှင့်ထိတွေ့ရန် လူထုကြားထဲ ဆင်းကိုဆင်းရမည်ဟု တွန်းပို့နေကြသည်။ လူထုကို ခုတုံးလုပ် အသုံးချလိုပုံရသည်။ နယ်ခရီးထွက်ရာတွင် ဒေါ်အောင်ဆန်းစုကြည်၏ လုံခြုံရေးအတွက် အစိုးရမှာတာဝန်ရှိသည်ဟုလည်း တစ်ဖက်သတ် ဝါဒဖြန့်နေကြသေးသည်။ မည်သို့ပင်ဖြစ်စေ ဒေါ်အောင်ဆန်းစုကြည် နယ်ထွက်လာလျှင် မြောက်မြားလှစွာသော ယခင့်ယခင် သာဓကများနည်းတူ ရုတ်ရုတ်သဲသဲ လှုပ်လှုပ်ရှားရှားတွေ ဖြစ်လာမှာကို ကျွန်တော်တို့ စိုးရိမ်မိသည်။ စိုးရိမ်လောက်စရာ အကြောင်းတွေကလည်း အခိုင်အမာပင်ရှိနေသည်။ အစိုးရကလည်း ဒေါ်အောင်ဆန်းစုကြည်သည် သာမန်ပြည်သူတစ်ဦးသာဖြစ်သည့်အတွက် သာမန်ပြည်သူတစ်ဦး၏ ဥပဒေနှင့်အညီ သွားလာဆောင်ရွက်မှုများကို ကန့်သတ်ရန်မရှိကြောင်း၊ သို့ရာတွင် နိုင်ငံတော်၏ တရားဥပဒေစိုးမိုးရေးကို လိုက်နာရန်လိုအပ်ကြောင်း ပြောကြားထားသည်ကို တွေ့ရသည်။ တရားဥပဒေနှင့်အညီ သွားလာပြုမူ လှုပ်ရှားဆောင်ရွက်စေလိုသူ၏ စေတနာနှင့် ၎င်းကို အစဉ်ဆန့်ကျင်ဆောင်ရွက်လေ့ရှိသူတစ်ဦး၏ ပြုမူဆုံးဖြတ် ဆောင်ရွက်မှုများကြောင့် ပေါ်ပေါက်လာမည့် ဝိရောဓိများအတွက် ကျွန်တော်တို့ ပြည်သူမှာ ရင်မအေးဖွယ် Issue တစ်ရပ် ဖြစ်လာခဲ့ရသည်။ ဖြစ်မည်ဆိုလည်း ဖြစ်လောက်ပါပေ၏။ ဇွန် ၂၃ ရက် နံနက်ပိုင်းက ထုတ်လွှင့်သွားသော အေဘီစီသတင်းဌာန၏ ထုတ်လွှင့်ချက်တစ်ခုတွင် “ဒေါ်အောင်ဆန်းစုကြည်က သူမအနေနဲ့ အကြမ်းမဖက်တဲ့လမ်းစဉ်မူဝါဒကို ကိုင်စွဲထားပေမယ့် လိုအပ်လာရင် ပြောင်းလဲနိုင်တယ်” ဟူ၍ ထုတ်လွှင့်သွားခဲ့သည် မဟုတ်ပါလား။

အမှန်စင်စစ် ဒေါ်အောင်ဆန်းစုကြည်တို့အနေဖြင့် လက်ရှိအခြေအနေတွင် ဥပဒေနှင့်အညီ ပါတီပြန်လည်ထူထောင်ခွင့်ရှိနေသည်ကို တွေ့ရှိရသည်။ လတ်တလောကာလအတွင်းမှာပင် ပါတီသစ်

ထူထောင်ခွင့် လျှောက်ထားနေကြ
စာများတွင် တွေ့မြင်ဖတ်ရှုနေရသ
အနေဖြင့်လည်း ပါတီနိုင်ငံရေး
လိုသည်ဆိုပါက ဥပဒေနှင့်အညီ
အမည်သစ်ဖြင့်ဖြစ်စေ၊ အမည်ဟော
ရပ်တည်ခွင့်ရအောင်၊ တရားဝင်
ရအောင် ဥပဒေနှင့်အညီ ကြိုးပမ်း
နှင့်အညီ တင်ပြလျှောက်ထား
ကော်မရှင်အနေဖြင့်လည်း
ထင်သည်။ သို့ဆိုလျှင် မကော
စဉ်းစားမိသည်။

ယခုတော့ သူတို့သည် တ
ပါတီဆိုင်းဘုတ် တင်ထားကြဆဲ
ဆဲဖြစ်သည်။ ပါတီအလံကို လွှင့်
ကြီးစွာ အရေးယူဆောင်ရွက်ခြင်း
အရ နောက်တစ်ဆင့်တက်ပြီး
အမှန်စင်စစ် မဖြစ်သင့်။ မလို
မပေါ်ပေါက်မီ အရှိန်သတ်သင့်သ
မပျက်ယွင်း မထိခိုက်စေလိုသော
အလေးထား စဉ်းစားသင့်သည်။

နိုင်ငံရေးပါတီတစ်ရပ်၏ အ
ပြည်သူ၏ အကျိုးစီးပွားကို ဆော
သည်။ ထိုရည်မှန်းချက်အတွက် ချ
သည်လည်း လွှတ်တော်နိုင်ငံရေး
ထိုလမ်းကြောင်းအတွက် ယှဉ်ပြိုင်
တကျ ပြည်သူ၏အဆုံးအဖြတ်
တစ်ပါတီ သဘောထားအမြင်မျ
အမျိုးသားအကျိုးစီးပွားကိုမူ တူ
ခံယူပြီး ပူးပေါင်းဆောင်ရွက်သင့်
လည်း အများစု၏ဆန္ဒကို လိုက်
အလေးထားခြင်းဟူသည့် ဒီမို
အပြန်အလှန် အလေးထားဆက်

ဒီမိုကရေစီကို လေးစားမြတ်
ဆိုလျှင် ဒီမိုကရေစီကျင့်စဉ်ကို ကို
ကျင့်သုံးရန် လိုအပ်သည်။
လသားလေးကို ရင့်ကျက်ဖွံ့ဖြိုး
မွေးမြူစောင့်ရှောက်ရန်လိုအပ်သ
အကျင့်ကောင်းများ လေ့ကျင့်ပျိုး
နိုင်ငံရေးကို ရွေးချယ်ကြရမည်မှာ
ထို့ကြောင့် ဒေါ်အောင်ဆန်းစုကြ
တရားဝင် နိုင်ငံရေးပါတီအဖြစ်ရပ်
ဆုံးဖြတ်မှုကိုနာခံလျက် လွှတ်တေ
လုပ်ပိုင်ခွင့်အာဏာကို တရားနည်
လှပေသည်။

လူထုကို ကိုယ်စားပြုလိုလျှင်
သည်။ လူထု၏ ထောက်ခံမှုရရန်အ
ပေးရန်လိုသည်။ လူထုကိုယုံကြည်လှ
ရဲရန် လိုသည်။ ယနေ့ လူထုက ဖွံ့
လူမှုစီးပွားဘဝမြင့်မားပြီး ပြည့်စုံချ
တိုးတက်ရန်၊ ပြည့်စုံချမ်းသာရန်အ
မရှိမဖြစ် အခြေခံအကျဆုံး လို
လူထုက ရရှိထားပြီးဖြစ်သည့်
ပျက်ယွင်းသွားမှာကို အထူးစိုးရိမ်
နှင့် ဆူဆူပူပူ လှုပ်လှုပ်ရှားရှ
ဤသည်ကို သိစေချင်သည်။ သ
ဖြေဖျောက်ပေးစေချင်သည်။ ပြည
သည်။ ဤသည်မှာ ပါတီတစ်ရပ်
သော့ချက်ပင်ဖြစ်ပေသည်။

လက်ရှိအခြေအနေတွင်
အတွက် ထွက်ပေါက်ရှိနေဆဲဖြစ်
ရပ်တည်လိုလျှင် အချိန်မီ ရွေး
ရွေးချယ်ခွင့်သည် အစိုးရလက်ထဲ၌
မရှိ။ သက်ဆိုင်ရာ နိုင်ငံရေးသမာ
ထို့ကြောင့် မည်သည့်လမ်းကို ရွေ
တို့၏ တာဝန်သာဖြစ်ပေသည်။

ဈေးကွက်စီးပွားရေးစနစ်တွင် လူတိုင်း အလုပ်လုပ်နိုင်ရမည်။ အစိုးရက အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးပေးမည်။ ပြည်သူတိုင်းက အားကြိုးမာန်တက် အလုပ်လုပ်ကြမည်။ လူတိုင်းအလုပ်လုပ်မှ လူတိုင်းဝင်ငွေရှိပြီး တိုင်းပြည်၏ GDP လည်း တိုးလာမည်။ အသစ်ဖြစ်ထွန်းပေါ်ပေါက်လာသော စီးပွားရေးအခွင့်အလမ်းများကို အရအမိဆုပ်ကိုင်ပြီး ကိုယ်စီဘဝ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဥပဒေနှင့်အညီ စီးပွားရှာကြမည်။ လူမှုစီးပွားဘဝမြင့်တက်အောင် မြှင့်တင်ကြမည်။ ဤသို့ ဆောင်ရွက်နိုင်ရန်မှာ တည်ငြိမ်အေးချမ်းမှုသည် အဓိကဖြစ်သည်။ တည်ငြိမ်မှ၊ အေးချမ်းမှ လူတိုင်း ကိုယ့်လမ်းကို ကိုယ်ဖြောင့်အောင်၊ မှန်အောင်၊ ချောမွေ့အောင် လျှောက်နိုင်မည်။ တည်ငြိမ်မှ၊ အေးချမ်းမှ လူတိုင်း ကိုယ့်စီးပွား ကိုယ်ရှာပြီး ချမ်းသာနိုင်ကြမည်။ ထို့ကြောင့် တည်ငြိမ်အေးချမ်းမှုသည် နိုင်ငံနှင့် ပြည်သူ၏အနာဂတ်အတွက် မရှိမဖြစ် အခြေခံအကျဆုံး လိုအပ်ချက် ဖြစ်သည်။

ထူထောင်ခွင့် လျှောက်ထားနေကြသူများ၏ သတင်းများကို သတင်းစာများတွင် တွေ့မြင်ဖတ်ရှုနေရသည်။ ဒေါ်အောင်ဆန်းစုကြည်တို့အနေဖြင့်လည်း ပါတီနိုင်ငံရေးကို အမှန်တကယ် ဆောင်ရွက်လိုသည်ဆိုပါက ဥပဒေနှင့်အညီ ပါတီထူထောင်ခွင့်ရှိသည်။ အမည်သစ်ဖြင့်ဖြစ်စေ၊ အမည်ဟောင်းဖြင့်ဖြစ်စေ ပါတီကို တရားဝင်ရပ်တည်ခွင့်ရအောင်၊ တရားဝင် ပါတီနိုင်ငံရေး ဆောင်ရွက်ခွင့်ရအောင် ဥပဒေနှင့်အညီ ကြိုးပမ်းသင့်သည်။ ပါတီဘက်က ဥပဒေနှင့်အညီ တင်ပြလျှောက်ထားလာမည်ဆိုပါက သက်ဆိုင်ရာကော်မရှင်အနေဖြင့်လည်း ခွင့်မပြုနိုင်စရာအကြောင်းမရှိဟု ထင်သည်။ သို့ဆိုလျှင် မကောင်းပေဘူးလားဟု ကျွန်တော်စဉ်းစားမိသည်။

ယခုတော့ သူတို့သည် တရားဝင်ရပ်တည်ခွင့် မရှိပါဘဲလျက် ပါတီဆိုင်းဘုတ် တင်ထားကြဆဲဖြစ်သည်။ ပါတီရုံးကို ဖွင့်နေကြဆဲဖြစ်သည်။ ပါတီအလံကို လွှင့်နေကြဆဲဖြစ်သည်။ သဘောထားကြီးစွာ အရေးယူဆောင်ရွက်ခြင်းမပြုသော အစိုးရကိုပင် နိုင်ငံရေးအရ နောက်တစ်ဆင့်တက်ပြီး အန်တုရန် အားစမ်းနေကြသည်။ အမှန်စင်စစ် မဖြစ်သင့်။ မလိုလားအပ်သော အကျိုးဆက်များ မပေါ်ပေါက်မီ အရှိန်သတ်သင့်သည်။ လက်ရှိ တည်ငြိမ်အေးချမ်းမှုကို မပျက်ယွင်း မထိခိုက်စေလိုသော ပြည်သူတို့၏ ဆန္ဒအမှန်ကို အလေးထား စဉ်းစားသင့်သည်။

နိုင်ငံရေးပါတီတစ်ရပ်၏ အန္တိမရည်မှန်းချက်သည် နိုင်ငံနှင့်ပြည်သူ၏ အကျိုးစီးပွားကို ဆောင်နှင်း ပေးအပ်နိုင်ရေးပင် ဖြစ်သင့်သည်။ ထိုရည်မှန်းချက်အတွက် ချင်းနင်းဝင်ရောက်ရာလမ်းကြောင်းသည်လည်း လွှတ်တော်နိုင်ငံရေးလမ်းကြောင်းသာ ဖြစ်သင့်သည်။ ထိုလမ်းကြောင်းအတွက် ယှဉ်ပြိုင်ရာ၌လည်း ဒီမိုကရေစီ နည်းလမ်းတကျ ပြည်သူ၏အဆုံးအဖြတ်ကို နာခံသင့်သည်။ တစ်ပါတီနှင့်တစ်ပါတီ သဘောထားအမြင်များ ကွဲပြားနိုင်ခွင့်ရှိသော်လည်း အမျိုးသားအကျိုးစီးပွားကိုမူ တူညီသည့် ဘုံအကျိုးစီးပွားအဖြစ်ခံယူပြီး ပူးပေါင်းဆောင်ရွက်သင့်ကြသည်။ အချင်းချင်းဆက်ဆံရေး၌လည်း အများစု၏ဆန္ဒကို လိုက်နာခြင်း၊ အနည်းစု၏ ဆန္ဒကို အလေးထားခြင်းဟူသည့် ဒီမိုကရေစီ ကျင့်စဉ်များနှင့်အညီ အပြန်အလှန် အလေးထားဆက်ဆံသွားကြရန် လိုအပ်သည်။

ဒီမိုကရေစီကို လေးစားမြတ်နိုးပါသည်၊ တန်ဖိုးထားပါသည်ဟု ဆိုလျှင် ဒီမိုကရေစီကျင့်စဉ်ကို ကိုယ်ရောစိတ်ပါ လိုက်နာကျင့်ကြံကျင့်သုံးရန် လိုအပ်သည်။ စတင်ကျင့်သုံးခါစ ဒီမိုကရေစီ လသားလေးကို ရင့်ကျက်ဖွံ့ဖြိုး ရှင်သန်ကြီးထွားလာအောင် ပံ့ပိုးမွေးမြူစောင့်ရှောက်ရန်လိုအပ်သည်။ ထို့ကြောင့် ဒီမိုကရေစီ အလေ့အကျင့်ကောင်းများ လေ့ကျင့်ပျိုးထောင်ပေးနိုင်သည့် လွှတ်တော်နိုင်ငံရေးကို ရွေးချယ်ကြရမည်မှာ ပကတိ အရှိတရားပင်ဖြစ်သည်။ ထို့ကြောင့် ဒေါ်အောင်ဆန်းစုကြည်တို့သည်လည်း ဥပဒေနှင့်အညီ တရားဝင် နိုင်ငံရေးပါတီအဖြစ်ရပ်တည်ပြီး ပြည်သူ၏ ရွေးချယ်ဆုံးဖြတ်မှုကိုနာခံလျက် လွှတ်တော်နိုင်ငံရေးလမ်းကြောင်းအတိုင်း လုပ်ပိုင်ခွင့်အာဏာကို တရားနည်းလမ်းတကျရယူရန် ကြိုးစားသင့်လှပေသည်။

လူထုကို ကိုယ်စားပြုလိုလျှင် လူထု၏ ထောက်ခံမှုရရန်လိုသည်။ လူထု၏ ထောက်ခံမှုရရန်အတွက် လူထု၏ဆန္ဒကို ဖြည့်ဆည်းပေးရန်လိုသည်။ လူထုကိုယုံကြည်လျှင် လူထု၏အဆုံးအဖြတ်ကို ခံယူရဲရန် လိုသည်။ ယနေ့ လူထုက ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။ လူမှုစီးပွားဘဝမြင့်မားပြီး ပြည့်စုံချမ်းသာမှုကို တောင့်တသည်။ ဖွံ့ဖြိုးတိုးတက်ရန်၊ ပြည့်စုံချမ်းသာရန်အတွက် တည်ငြိမ်အေးချမ်းမှုသည် မရှိမဖြစ် အခြေခံအကျဆုံး လိုအပ်ချက်ဖြစ်သည်။ ထို့ကြောင့် လူထုက ရရှိထားပြီးဖြစ်သည့် တည်ငြိမ်အေးချမ်းမှုအခြေအနေ ပျက်ယွင်းသွားမှာကို အထူးစိုးရိမ်သည်။ မတည်မငြိမ်၊ မအေးမချမ်းနှင့် ဆူဆူပူပူ လှုပ်လှုပ်ရှားရှားဖြစ်လာမှာကို လုံးဝမလိုလား။ ဤသည်ကို သိစေချင်သည်။ သိပြီးလျှင် လူထု၏ စိုးရိမ်မှုကို ဖြေဖျောက်ပေးစေချင်သည်။ ပြည်သူ့ဆန္ဒကို အလေးထားစေချင်သည်။ ဤသည်မှာ ပါတီတစ်ရပ် ရှင်သန်ရေးအတွက် အဓိကသော့ချက်ပင်ဖြစ်ပေသည်။

လက်ရှိအခြေအနေတွင် ဒေါ်အောင်ဆန်းစုကြည်တို့အုပ်စုအတွက် ထွက်ပေါက်ရှိနေဆဲဖြစ်သည်။ ဥပဒေနှင့်အညီ တရားဝင်ရပ်တည်လိုလျှင် အချိန်မီ ရွေးချယ်ပိုင်ခွင့်ရှိနေဆဲဖြစ်သည်။ ဤရွေးချယ်ခွင့်သည် အစိုးရလက်ထဲ၌မရှိ။ ပြည်သူ၏ လက်ထဲ၌လည်းမရှိ။ သက်ဆိုင်ရာ နိုင်ငံရေးသမားတို့၏ လက်ထဲ၌သာ ရှိနေသည်။ ထို့ကြောင့် မည်သည့်လမ်းကို ရွေးမည်လဲဆိုသည်မှာ သက်ဆိုင်သူတို့၏ တာဝန်သာဖြစ်ပေသည်။ ။

ပြည်ထဲရေးဝန်ကြီးဌာနက ဦးအောင်ရွှေနှင့် ဒေါ်အောင်ဆန်းစုကြည်တို့အား ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ရန် အကြောင်းကြားစာပေးပို့

နေပြည်တော် ဇွန် ၂၈

ပြည်ထဲရေးဝန်ကြီးဌာနက ဦးအောင်ရွှေနှင့် ဒေါ်အောင်ဆန်းစုကြည်တို့အား ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ရန် ယနေ့ရက်စွဲဖြင့် အကြောင်းကြားစာ ပေးပို့ခဲ့သည်။

အဆိုပါ အကြောင်းကြားစာတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေနှင့်အညီ ၁၉၈၈ ခုနှစ် စက်တင်ဘာ ၂၇ ရက်တွင် မှတ်ပုံတင်တည်ထောင်ခွင့်ပြုခဲ့သော ပါတီတစ်ခုဖြစ်ပါကြောင်း၊ အဆိုပါအချိန်က တည်ရှိခဲ့သော နိုင်ငံရေးပါတီများကို နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်လိုပါက ၂၀၁၀ ပြည့်နှစ် မတ် ၈ ရက်က ထုတ်ပြန်သည့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၂/၂၀၁၀)ပုဒ်မ ၂၅ အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၁၀ ပြည့်နှစ် ဧပြီ ၉ ရက်စွဲပါ ကြေညာချက်အမှတ် (၁၈/၂၀၁၀)ဖြင့် ရက်ပေါင်း(၆၀)အတွင်း ကော်မရှင်သို့ လျှောက်ထားကြရန် ကြေညာခဲ့ပါကြောင်း၊ သို့သော် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်လို ကြောင်း လျှောက်ထားခြင်းနှင့် မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားခြင်းများ မပြုလုပ်ခဲ့ပါကြောင်း၊ သို့ပါ၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် နိုင်ငံရေးပါတီအဖြစ်မှ ဥပဒေအရ ပျက်ပြယ်ခဲ့ပြီးဖြစ်ပါကြောင်း၊ သို့ဖြစ်၍လည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ ၂၀၁၀ ပြည့်နှစ် စက်တင်ဘာ ၁၄ ရက်စွဲဖြင့် ထုတ်ပြန်သည့် ကြေညာချက်အမှတ်(၉၇/၂၀၁၀) ဖြင့် နိုင်ငံရေးပါတီအဖြစ် ဆက်လက်ရပ်တည်ခွင့်ပြုခြင်းနှင့် မှတ်ပုံတင်ခွင့်ပြု ထားခြင်းကိုပယ်ဖျက်၍ ပါတီဖျက်သိမ်းခြင်း ကြေညာချက်တွင် အခြားပါတီ (၄)ခု နှင့်အတူ ဖျက်သိမ်းလိုက်ကြောင်း ကြေညာခဲ့ပြီး ဖြစ်ပါကြောင်း။

အဆိုပါ ပါတီဖျက်သိမ်းခြင်းနှင့်ပတ်သက်၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာ ၅ ရက် တွင် နိုင်ငံတော်အပေါ် ၂၀၁၀ ပြည့်နှစ် တရားစီရင်ရေး ဥပဒေပုဒ်မ ၅(က)၊ (ဇ)၊ (ည)နှင့် ၁၈၇၇ ခုနှစ် သီးခြားသက်သာခွင့် အက်ဥပဒေ ပုဒ်မ ၄၅ နှင့် ၅၅ အရ ပါတီဖျက်သိမ်းခြင်းမှာ တရားမဝင်ကြောင်း တရားရုံးချုပ် (ရန်ကုန်)သို့ လျှောက်ထားခဲ့ပါကြောင်း၊ ထိုလျှောက်ထားချက်ကို တရားရုံးချုပ်(နေပြည်တော်)က ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာ ၂၂ ရက်တွင် ပလပ်ခဲ့ပြီးဖြစ်ပါကြောင်း။

ဤကဲ့သို့ နိုင်ငံရေးပါတီအဖြစ်မှ ပယ်ဖျက်ပြီးဖြစ်သော်လည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် လိုက်နာမှုမရှိဘဲ ဌာနချုပ်ရုံး၊ တိုင်းဒေသကြီးရုံး၊ နယ်ရုံးများ ဆက်လက်ဖွင့်လှစ်ထားရှိခြင်း၊ အချို့ရုံးများတွင် ဆိုင်းဘုတ်များ စိုက်ထူထားခြင်း၊ အလံများ လွှင့်ထူထားခြင်းတို့အပြင် နိုင်ငံရေးပါတီအနေဖြင့် ကြေညာချက်များ ထုတ်ပြန် ခြင်း၊ စာအုပ်စာစောင်များနှင့် ဗီဒီယိုခွေများ ထုတ်ဝေခြင်း၊ နိုင်ငံခြားအဖွဲ့အစည်းများနှင့် တွေ့ဆုံခြင်း၊ အစည်းအဝေးများနှင့် အခမ်းအနားများပြုလုပ်ခြင်းတို့အား ဆောင်ရွက်နေသည်ကို တွေ့ရှိရပါကြောင်း၊ ထိုသို့ လုပ်ဆောင်နေသောလုပ်ရပ်များသည် ဥပဒေအား တမင် ဆန့်ကျင်ဖောက်ဖျက်နေမှုများ ဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်နိုင်ရန် ပြည်သူလူထုတစ်ရပ်လုံး၏ တစ်ခဲနက်ထောက်ခံအတည်ပြုခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ရွေးချယ်တင်မြှောက်ထားသော လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသော လွှတ်တော်အဆင့်ဆင့်နှင့် ၎င်းမှ ရွေးချယ်ခန့်အပ်ခဲ့သော နိုင်ငံတော်အစိုးရကို ဆန့်ကျင်နေသည့်သဘောလည်း သက်ရောက်နေပါကြောင်း၊ ထို့ပြင် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး အတွက်လည်း အခက်အခဲများ ပိုမိုဖြစ်ပေါ်လာစေနိုင် ပါကြောင်း၊ ဒီမိုကရေစီ၏အနှစ်သာရ ကို အမှန်တကယ်မြတ်နိုးစွာ လက်ခံကျင့်သုံးလိုပါလျှင် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကို ထိခိုက်ပျက်ပြားစေနိုင်မည့်၊ ရဟန်း၊ ရှင်၊ လူ၊ ပြည်သူနှင့် ဝန်ထမ်းများအကြား စည်းလုံးညီညွတ်မှုကို ထိခိုက်ပျက်ပြားစေနိုင်မည့် အဆိုပါ လုပ်ဆောင်ချက်များကို ဆက်လက်ဆောင်ရွက်ခြင်းမပြုရန် အကြောင်းကြားပါကြောင်း။

ဦးအောင်ရွှေ၊ ဒေါ်အောင်ဆန်းစုကြည်တို့အနေဖြင့် လူမှုရေးကိစ္စရပ်များကို အသင်းအဖွဲ့လိုက် လုပ်ဆောင်လိုပါက လူမှုရေးအသင်းအဖွဲ့ ဖွဲ့စည်းဆောင်ရွက်သင့်ပါကြောင်း၊ လူမှုရေးအသင်းအဖွဲ့ ဖွဲ့စည်းမည်ဆိုပါက ပြည်ထဲရေးဝန်ကြီးဌာနသို့ လုပ်ထုံးလုပ်နည်းနှင့်အညီ လျှောက်ထားရမည်ဖြစ်ကြောင်းနှင့် ဥပဒေနှင့်အညီ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းတို့ကို အသိပေးဖော်ပြပါကြောင်းဖြင့် ဖော်ပြပါရှိသည်။

(သတင်းစဉ်)

နေပြည်တော် ဇမ္ဗူသီရိမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံနှင့် ပြင်ဦးလွင်မြို့နယ်တို့၌ ပေါက်ကွဲမှုများဖြစ်စေရန် ပူးပေါင်းကြံစည်ကျူးလွန်ခဲ့သူ သုံးဦးအား ဖမ်းဆီးရမိရေးအတွက် တာဝန်ရှိသူများက ကြိုးပမ်းဆောင်ရွက်လျက်ရှိ

တရားခံများ၏ ပုံပန်းသဏ္ဌာန်အတိုင်း မသင်္ကာသူများတွေ့ရှိပါက အမြန်ဆက်သွယ်သတင်းပို့ကြရန် သက်ဆိုင်ရာက နှိုးဆော်ထား

နေပြည်တော် ဇွန် ၂၈

နေပြည်တော် ဇမ္ဗူသီရိမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်နှင့် ပြင်ဦးလွင်မြို့နယ်တို့၌ ဇွန် ၂၄ ရက် နံနက်ပိုင်းက ပေါက်ကွဲမှုများ အသီးသီးဖြစ်ပွားခဲ့ရာ နေအိမ်နှစ်လုံးနှင့် မော်တော်ယာဉ်တစ်စီး ပျက်စီးခဲ့ပြီး လူသုံးဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည့်ဖြစ်စဉ်သတင်းအား ဇွန် ၂၅ ရက်ထုတ် သတင်းစာများတွင် ဖော်ပြခဲ့ပြီးဖြစ်သည်။

အဆိုပါ ဗုံးပေါက်ကွဲမှုဖြစ်စဉ်မှ ဖောက်ခွဲသူတရားခံအား ဖမ်းဆီးရမိရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများက အသေးစိတ်စုံစမ်းစစ်ဆေး ဖော်ထုတ်ဆောင်ရွက်ခဲ့ရာ တာဝန်သိပြည်သူများ၏ ပူးပေါင်းကူညီမှုကြောင့် နေပြည်တော်တွင် ပေါက်ကွဲသော နေအိမ်မှာ မန္တလေးမြို့ မဟာအောင်မြေ မြို့နယ်နေ ဒေါ်သန်းမြင့်၏ နေအိမ်ဖြစ်ပြီး ဧပြီ ၂၄ ရက်က စိုင်းဆမ်နှင့် စိုင်းအိုက်ဆိုသူတို့က တစ်လလျှင် ငွေကျပ် ခြောက်သိန်းငါးသောင်းနှုန်းဖြင့် ခြောက်လစာပေး၍ ငှားရမ်းထားခြင်းဖြစ်ကြောင်း၊ ထို့အတူ ပြင်ဦးလွင်၌ ပေါက်ကွဲမှုဖြစ်သောအိမ်မှာ ဒေါ်စောစန္ဒာ ပိုင်နေအိမ်ဖြစ်ပြီး စိုင်းဆမ်နှင့် စိုင်းအိုက်ဆိုသူတို့ကပင် မေ ၅ရက်က တစ်လလျှင် ငွေကျပ် တစ်သိန်းလေးသောင်းနှုန်းဖြင့် ခြောက်လစာပေး၍ ငှားရမ်းနေခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။

အတည်ပြုထွက်ဆို

မန္တလေးတွင်ပေါက်ကွဲခဲ့သည့် ကားနှင့်ပတ်သက်၍ စုံစမ်းဖော်ထုတ်ခဲ့ရာ ပေါက်ကွဲသည့် SURF ကားအမှတ် ၃ခ/၁၉၀၄ (လိုင်စင်မဲ့)ယာဉ်မှာ ကားပွဲစား ဟာရှင်နှင့် ကျော်ကျော်ထက်တို့ထံမှ တစ်ဆင့် ဇွန် ၂၁ ရက်တွင် အမျိုးသားသုံးဦးက ငွေကျပ်သိန်းခြောက်ဆယ်ဖြင့် ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း၊ အမျိုးသားတစ်ဦးမှာ ငွေထုပ်ကို ကိုင်ဆောင်လာကြောင်း၊ ကားဝယ်သူများသည် ယင်းကားအမှတ် ၃ခ/ ၁၉၀၄ ဖြင့် မန္တလေးမြို့ ပစ္စဖိတ်ဟိုတယ်သို့ ဇွန် ၂၃ ရက်က တစ်ည လာရောက်တည်းခိုသွားကြောင်း၊ ဆက်လက်စုံစမ်းဖော်ထုတ်ချက်အရ မဟာအောင်မြေမြို့နယ် ၈၃ လမ်း၊ ၃၅ နှင့် ၃၆လမ်းကြားရှိ အားဝေ(ခ)စိုင်းလှအောင်၏ နင်ဂျာဆိုင်ကယ်အပိုပစ္စည်းဆိုင်တွင် လုပ်ကိုင်နေသူ မူဆယ်မြို့နယ် တိန်လုံရွာနေ စိုင်းမိုးဟိန်း (၁၉)နှစ်(အဘ ဦးအိုက်စိုင်း) ၏အစ်ကို စိုင်းကျော်မြင့်ဦးမှာ ကားဝယ်လာစဉ် ငွေထုပ်ကိုင်လျက် ပါလာသူဖြစ်ကြောင်း ပေါ်ပေါက်သိရှိရပြီး စိုင်းမိုးဟိန်းထံမှရရှိသည့် စိုင်းကျော်မြင့်ဦး၊ စိုင်းဆမ်နှင့် စိုင်းအိုက်တို့၏ ဓာတ်ပုံများကို ပြသစုံစမ်းရာ ဟာရှင်နှင့် ကျော်ကျော်ထက်တို့က ကားဝယ်လာသူများမှာ စိုင်းကျော်မြင့်ဦး၊ စိုင်းဆမ်နှင့် စိုင်းအိုက်တို့ဖြစ်ကြောင်း အတည်ပြုထွက်ဆိုခဲ့ကြောင်း သိရသည်။

ကြိုတင်ကြံစည်

အထက်ပါ ပေါ်ပေါက်ချက်များအရ စိုင်းကျော်မြင့်ဦး၊ စိုင်းဆမ်နှင့် စိုင်းအိုက်တို့သုံးဦးသည် နေပြည်တော်၊ မန္တလေးနှင့် ပြင်ဦးလွင်တို့တွင် တစ်ပြိုင်တည်း ဗုံးဖောက်ခွဲရန် ကြိုတင်ကြံစည်၍ နေအိမ်များ ကြိုတင်ငှားရမ်းခြင်း၊ ဈေးသက်သာသည့် လိုင်စင်မဲ့ကားဝယ်ယူခြင်းများ လုပ်ဆောင်ခဲ့ကြောင်း၊ ယခု ဗုံးဖောက်ခွဲမှုများအတွက် နေပြည်တော်နှင့် ပြင်ဦးလွင်တို့၌ အိမ်ငှားရမ်းခ ငွေကျပ် ၄၇ သိန်း လေးသောင်းနှင့် ကားဝယ်ယူခြင်းအတွက် ငွေကျပ် သိန်းခြောက်ဆယ် စုစုပေါင်းငွေကျပ် သိန်းတစ်ရာကျော်သုံးစွဲ၍ ပူးပေါင်းကြံစည် ကျူးလွန်ခဲ့ကြောင်း၊ ပြည်သူများ ထိခိုက်သေကျေစေရန်၊ ထိတ်လန့်ကြောက်ရွံ့ကြပြီး အလုပ်ပျက်အကိုင်ပျက်ဖြစ်စေရန်ရည်ရွယ်၍ ဖောက်ခွဲမည့်ကားကို လူစည်ကားရာ မန္တလေးဈေးချိုတိုက်တန်းရှေ့တွင်ထား၍ဖောက်ခွဲခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။

တရားခံသုံးဦး

ဖောက်ခွဲမှုသုံးခုကို ပူးပေါင်းကြံစည် ကျူးလွန်ခဲ့သည့် တရားခံသုံးဦး၏ ပုံပန်းသဏ္ဌာန်မှာ အောက်ပါအတိုင်းဖြစ်ကြောင်း သိရှိရသည်-

(က) စိုင်းဆမ်။ အသက်(၂၅) နှစ်၊ အရပ် ၅ ပေ၊ ၅ လက်မ၊ အသားဖြူ၊ ဝဲမျက်စိဘေးတွင် အမာရွတ်တစ်ခုရှိ။

(ခ) စိုင်းအိုက်။ အသက်(၂၅)နှစ်၊ အရပ် ၅ ပေ ၃ လက်မ၊ ဆံပင်ဘိုကေ၊ အသားဖြူ၊ ပါးတွင် တင်းတိပ်များရှိ။

(ဂ) စိုင်းကျော်မြင့်ဦး။ အသက်(၂၅) နှစ်၊ အရပ် ၅ ပေ ၄ လက်မ၊ ဆံပင်ကုပ်ထောက်၊ နဖူးကျယ်၊ နှာတံပေါ်၊ အသားလတ်၊ စကားဝဲ။

သတင်းပေးပို့

အဆိုပါတရားခံသုံးဦးအား ဖမ်းဆီးရမိရေးအတွက် တာဝန်ရှိသူများက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ယခင် ပေါက်ကွဲမှုဖြစ်စဉ်များ၌ တရားခံများအား တာဝန်သိပြည်သူများနှင့် တာဝန်ရှိသူများ ပူးပေါင်းဖမ်းဆီးရမိခဲ့သည့် အစဉ်အလာအတိုင်း ယခုဖြစ်စဉ်ပါ ဗုံးဖောက်ခွဲမှု တရားခံများအား ဖမ်းဆီးရမိရေးအတွက် တာဝန်သိပြည်သူများအနေဖြင့် မသင်္ကာသူတွေ့ရှိပါက အမြန်ဆက်သွယ်သတင်းပေးပို့ကြပါရန် သက်ဆိုင်ရာက တိုက်တွန်းနှိုးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်သိန်းဌေး ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံသို့ ထောက်ပံ့ အကူအညီပေးသည့် စားနပ်ရိက္ခာများလွှဲပြောင်းပေးအပ်ပွဲအခမ်းအနား တက်ရောက်

နေပြည်တော် ဇွန် ၂၈

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်သိန်းဌေးသည် ယနေ့နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် နယ်စပ်ရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသော ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံသို့ ထောက်ပံ့အကူအညီပေးသည့် စားနပ်ရိက္ခာများအား ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်သို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါ အခမ်းအနားသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်း၊ မြန်မာ့စက်မှု ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဦးဟန်စိန်နှင့် ဦးချန်မောင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ပြီး ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ပါလီမန်ဒုတိယဝန်ကြီး Ms. Makiko KIKUTA နှင့်အဖွဲ့၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး Mr. Takashi SAITO နှင့် ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်မှ ဌာနေကိုယ်စားလှယ် Mr. Carlos Alberto Veloso တို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ပါလီမန် ဒုတိယဝန်ကြီးက အမှာစကားပြောကြားရာ၌ ယခုခရီးစဉ်သည် ဂျပန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအပေါ် မျက်နှာစာသစ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ ဂျပန်နိုင်ငံအစိုးရနှင့် ပြည်သူများက မြန်မာနိုင်ငံရှိ စားနပ်ရိက္ခာလိုအပ်ချက်ရှိသော ပြည်သူတို့အတွက် ထောက်ပံ့လှူဒါန်းသော စားနပ်ရိက္ခာများကို ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်မှတစ်ဆင့် လွှဲပြောင်းပေးအပ်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး လှူဒါန်းသည့် စားနပ်ရိက္ခာနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်မှ ဌာနေကိုယ်စားလှယ် Mr. Carlos Alberto Veloso ထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် Mr. Carlos Alberto Veloso က ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်၏ မြန်မာနိုင်ငံတွင် ဆောင်ရွက်နေသော စားနပ်ရိက္ခာ ထောက်ပံ့ရေးစီမံကိန်း၌ ဂျပန်နိုင်ငံသည် အဓိကအလှူရှင် နိုင်ငံများတွင် ပါဝင်ကြောင်း၊ ယခုကဲ့သို့ စားနပ်ရိက္ခာများထောက်ပံ့ကူညီသော အလှူရှင်နိုင်ငံနှင့် မြန်မာနိုင်ငံအစိုးရတို့ အပြည့်အဝ ရိက္ခာ ထောက်ပံ့ကူညီမှုအပေါ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရနှင့် ပြည်သူများကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း၊ နောင်တွင် စားနပ်ရိက္ခာ ထောက်ပံ့ခြင်းလုပ်ငန်းများသာမက တိုင်းရင်းသားများအနေဖြင့် စားဝတ်နေရေးကို ကိုယ်တိုင်ဖြေရှင်း ဆောင်ရွက်သွားနိုင်မည့် အစီအမံများ ကူညီဆောင်ရွက်ပေးသွားနိုင်မည်ဟု မျှော်လင့်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်သိန်းဌေးက ပြောကြားရာတွင် ဂျပန်နိုင်ငံအစိုးရနှင့် ပြည်သူများက စားနပ်ရိက္ခာလိုအပ်ချက်ရှိသော နယ်စပ်ဒေသ တိုင်းရင်းသားများအတွက် စားနပ်ရိက္ခာ ပူးပေါင်းဆောင်ရွက်ခဲ့မှုအပေါ် အထူးကျေးဇူးတင်ရှိကြောင်းဖြင့် ပြောကြားသည်။

ယခုလွှဲပြောင်းပေးအပ်သော အခမ်းအနားတွင် ဂျပန်နိုင်ငံအနေဖြင့် အမေရိကန်ဒေါ်လာ ၅ ဒသမ ၈၇ သန်း တန်ဖိုးရှိသော အာဟာရဖြည့်စွက်အစားအစာ တန်ချိန် ၁၇၀၀ နှင့် စားသုံးဆီ ၁၆၂၅ တန်တို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ၂၀၁၀ ခုနှစ်ကလည်း အမေရိကန်ဒေါ်လာ ၅ ဒသမ ၄၈၉ သန်း တန်ဖိုးရှိ အာဟာရဖြည့်စွက် အစားအစာ တန်ချိန် ၁၀၀၀ နှင့် ပဲတန်ချိန် ၄၁၆၄ တန်တို့ လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်သိန်းဌေး ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံသို့ ထောက်ပံ့အကူအညီပေးသည့် စားနပ်ရိက္ခာများအား ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်သို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

မြောက်ပိုင်းဒေသများ မိုးဆက်လက်ပိုမည်

နေပြည်တော် ဇွန် ၂၈

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးရွာခဲ့ပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ဗန်းမော်မြို့တွင် ၆ ဒသမ ၆၁ လက်မ၊ ဘီးလင်းမြို့တွင် ၆ ဒသမ ၁၈ လက်မ၊ မောင်တောမြို့တွင် ၆ ဒသမ ၁၄ လက်မ၊ ကျောက်တော်မြို့တွင် ၅ ဒသမ ၄၇ လက်မ၊ မြောက်ဦးမြို့တွင် ၃ ဒသမ ၂၇ လက်မ၊ မြိတ်မြို့တွင် ၂ ဒသမ ၉၉ လက်မနှင့် ဘားအံမြို့တွင် ၂ ဒသမ ၈၄ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေသည်။

မနက်ဖြန်ညနေအထိခန့်မှန်းချက် ။ ။ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးရွာပြီး ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင် ။ ။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိတိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် မိုးဆက်လက်ပိုနေမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

မင်းလှ-စိန်ကန့်လန့်-မြို့ချောင်း-ကျွန်းကုန်းလမ်း ဖောက်လုပ်နေမှု ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၂၈

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်သည် ဇွန် ၂၇ ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး အရှေ့ခြမ်းနှင့် အနောက်ခြမ်းတို့ကို ဆက်သွယ်ဖောက်လုပ်ထားသည့် ရိုးမဖြတ်ကျော်လမ်း (၇)လမ်းမှ ဒုတိယလမ်းဖြစ်သော အရှည် ၈၉ မိုင် ခြောက်ဖာလုံရှိ မင်းလှ-စိန်ကန့်လန့်- မြို့ချောင်း-ကျွန်းကုန်းလမ်း မြို့ချောင်းတံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ အင်ဂျင်နီယာချုပ် (လမ်း)ဦးတင့်ဆန်းက အထူးစီမံကိန်းကြီးအဖွဲ့(၁)က တာဝန်ယူဖောက်လုပ်နေသော မင်းလှ-စိန်ကန့်လန့်-မြို့ချောင်း-ကျွန်းကုန်းလမ်းကို မြေကြီးလုပ်ငန်း ၈၇ မိုင် တစ်ဖာလုံဆောင်ရွက်ပြီးစီးမှု၊ ကျောက်ခင်းခြင်းလုပ်ငန်း ၆၅ မိုင် ခြောက်ဖာလုံ ဆောင်ရွက်ပြီးစီးမှု၊ ကတ္တရာခင်းခြင်းလုပ်ငန်း ၃၈ မိုင် ခုနစ်ဖာလုံ ဆောင်ရွက်ပြီးစီးမှု၊ တံတား ၁၇ စင်းရှိရာ ခြောက်စင်း ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲ ကိုးစင်းနှင့် ဆောင်ရွက်ရန် နှစ်စင်း ကျန်ရှိနေမှု၊ Box Culvert ၇၄ စင်းတွင် အစင်း ၅၀ ဆောင်ရွက်ပြီး ၂၄ စင်း ဆောင်ရွက်နေမှုနှင့် လုပ်ငန်းအားလုံး ၇၇ ဒသမ ၉၃ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ပြည်ထောင်စုဝန်ကြီးက ယခုလမ်းပိုင်းတွင်ပါဝင်သည့် အတက်အဆင်းမြင့်ပြီး မတ်စောက်သောတောင်များ ဖြစ်သည့် ဥတစ်လုံးတောင်၊ ခါချဉ်တောင်၊ ဘုရားတောင်၊ ဇာမနီတောင်နှင့် နတ်စင်တောင်တို့အား လိုအပ်သော Gradient ရရှိအောင် ဆောင်ရွက်သွားရန်ကို မှာကြားသည်။

ဆက်လက်၍ မြို့ချောင်းတံတား တည်ဆောက်ရေး လုပ်ငန်းခွင်အတွင်း တံတားကြမ်းခင်းများ သွန်းလောင်းပြီးစီးမှုနှင့် တံတားလက်ရန်းများ ဆောင်ရွက်နေမှုကို လည်းကောင်း၊ မင်းလှ-စိန်ကန့်လန့်-မြို့ချောင်း-ကျွန်းကုန်းလမ်း ကျောက်ခင်းခြင်း၊ ကတ္တရာခင်းခြင်း လုပ်ငန်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ယခုတည်ဆောက်နေသည့် မြို့ချောင်းတံတားမှာ သံကူကွန်ကရစ်တံတား အမျိုးအစားဖြစ်ပြီး စုစုပေါင်း တံတားအရှည် ပေ ၂၇၀၊ ခန်းဖွင့်ပေ ၉၀ သုံးခန်း၊ ယာဉ်သွားလမ်း အကျယ် ၂၈ ပေ၊ ယာဉ်နှစ်လမ်းသွားနှင့် လူသွားလမ်း တစ်ဖက်လျှင် သုံးပေစီပါရှိ၍ ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ ၇၅ တန်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းအား ဖိလစ်ပိုင်နိုင်ငံသံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၂၈

အမှတ်(၂) စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး H. E. Ms. Maria Hellen M. Barber သည် ယနေ့နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်း၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အထူးသဖြင့် အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းများအတွက် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ယင်းတွေ့ဆုံပွဲသို့ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ (သတင်းစဉ်)

သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

တပ်ကုန်းမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

နေပြည်တော် ဇွန် ၂၈

တပ်ကုန်းမြို့နယ် ၂၀၁၁ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၆ ရက် နံနက် ၇ နာရီခွဲတွင် မြို့နယ်ခုတင်(၁၀၀) ဆံ့ ဆေးရုံဆောက်လုပ်ရေးစီမံကိန်းဝင်း၌ ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးမြင့်ရွှေက ရတနာတန်းဝင် ပိတောက်ပင်ကို စိုက်ပျိုးပေးသည်။

(ယာပုံ)

ဆက်လက်၍ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းခရိုင်မန်နေဂျာ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူများက သတ်မှတ်နေရာများ၌ ရတနာတန်းဝင်ကျွန်း၊ ပိတောက်၊ ပန်းမဲဇလီ၊ ရင်းမာ၊ စိန်ပန်း၊ ကံ့ကော်၊ ငုရွှေဝါ၊ မဟော်ဂနီ စသည့် ပျိုးပင်စုစုပေါင်း ၅၀၀ ကို စိုက်ပျိုးကြသည်။

တပ်ကုန်းမြို့နယ်အတွင်း ယခုနှစ်မိုးရာသီတွင် သစ်တောဦးစီးဌာနက သစ်ပင်ပျိုးပင် ခြောက်သိန်းနှင့် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာနက သစ်ပင်ပျိုးပင် ၁၇၀၀၀၀ အပါအဝင် စုစုပေါင်း သစ်ပင်ပျိုးပင် ၇၇၀၀၀၀ စိုက်ပျိုးပြီးစီးကြောင်း သိရှိရသည်။ (၀၉၂)

ပုံနှိပ်ထုတ်ဝေရေးနှင့် သတင်းမီဒီယာပြပွဲ ပါဝင်ပြသ

ရန်ကုန် ဇွန် ၂၈

ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ မြန်မာနိုင်ငံ ပုံနှိပ်ထုတ်ဝေရေးနှင့် သတင်းမီဒီယာပြပွဲ ၂၀၁၁ ကို ဇွန် ၂၅ ရက်မှ ၂၆ ရက်အထိ ခင်းကျင်းပြသခဲ့ရာ ဖြိုးသန့်ကျော် ပုံနှိပ်နှင့် မီဒီယာလုပ်ငန်းစုမှ ပြခန်းပါဝင်ပြသခဲ့ပြီး အဆိုပါ ပြခန်းတွင် စားပွဲတင်ပြက္ခဒိန်နှင့် နံရံကပ်ပြက္ခဒိန်များ၊ ဒိုင်ယာရီများ၊ အခြားပုံနှိပ်နှင့် ဆက်စပ်သည့် ပစ္စည်းနမူနာများနှင့် သတင်းစာရောင်စုံကြော်ငြာအချပ်ပိုများကို ခင်းကျင်းပြသခဲ့ကြောင်း သိရသည်။

အဆိုပါ ဖြိုးသန့်ကျော် ပုံနှိပ်နှင့် မီဒီယာလုပ်ငန်းစုအနေဖြင့် စီးပွားရေးလုပ်ငန်းရှင်များနှင့် ပြည်သူများအား သတင်းအချက်အလက်ပေးပို့ခြင်း၊ လုပ်ငန်းအချင်းချင်း အပြန်အလှန်ရင်းနှီးမှုရယူလိုခြင်းတို့ကို ပထမဦးဆုံးအကြိမ် ပါဝင်ပြသကြောင်း၊ ပုံနှိပ်လုပ်ငန်းနှင့်ပတ်သက်သော ကိစ္စရပ်များကို အကောင်းဆုံးတာဝန်ယူဆောင်ရွက်ပေးကြောင်းနှင့် အမှတ်(၁၀၄) ဒုတိယထပ် ဗိုလ်ချုပ်လမ်း ပုဇွန်တောင်မြို့နယ် ဖုန်း-၀၉-၇၃၀၃၂၉၇၃၊ ၀၁-၂၀၀၅၇၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

အာဟာရပြတ်လပ်မှုဒဏ် ခံနေရသော ဆိုမာလီနိုင်ငံသား ကလေးတစ်ဦးကို တွေ့ရစဉ်။

မိုးခေါင်ဘေးသင့်အရှေ့အာဖရိကနိုင်ငံများမှ ပြည်သူကိုးသန်းကျော် အကူအညီများလိုအပ်နေ

ဂျီနီဗာ ဇွန် ၂၈

မိုးခေါင်ရေရှားဘေးဒုက္ခနှင့် ရင်ဆိုင်နေရသော အာဖရိကဦးချိုဒေသနိုင်ငံများမှ ပြည်သူကိုးသန်းကျော်တို့သည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများလိုအပ်နေကြောင်း ကုလသမဂ္ဂက အင်္ဂါနေ့တွင် ပြောကြားသည်။

အရှေ့အာဖရိကဒေသသည် ၁၉၅၀ ခုနှစ်မှစ၍ မိုးခေါင်ရေရှားသဘာဝကပ်ဘေးများနှင့် ရင်ဆိုင်ခဲ့ရပြီး ယခုဖြစ်ပွားနေသော မိုးခေါင်မှုသည်လည်း အဆိုးရွားဆုံးကပ်ဘေးများတွင် ပါဝင်လာကြောင်း ကုလသမဂ္ဂအကူအညီပေးအပ်ရေးဆိုင်ရာ ညှိနှိုင်းမှုရုံး ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

လက်ရှိဖြစ်ပွားနေသော မိုးခေါင်ရေရှားကပ်ဘေးကြောင့် ကင်ညာနှင့် အီသီယိုပီးယားနိုင်ငံများ၌ တစ်နိုင်ငံချင်းအားဖြင့် ပြည်သူ ၃ ဒသမ ၂ သန်းစီ၊ ဆိုမာလီနိုင်ငံ၌ ပြည်သူ ၂ ဒသမ ၆သန်းနှင့် ဂျီဘူတီနိုင်ငံမှ ပြည်သူ ၁၁၇၀၀၀တို့သည် အကူအညီများလိုအပ်နေကြောင်း ကုလသမဂ္ဂက ပြောကြားခဲ့သည်။

ဘေးဒုက္ခကြုံရာအချို့သောဒေသများ၌ ကလေးများအာဟာရပြတ်လပ်မှုနှုန်းသည် ၁၅ ရာခိုင်နှုန်းထိရှိနေရာ အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ထားရပြီဖြစ်ကြောင်းသိရသည်။

မိုးခေါင်ရေရှားကပ်ဘေးနှင့် တစ်ပါတည်း ပေါ်ပေါက်လာသော စားနပ်ရိက္ခာပြတ်လပ်မှုကြောင့် စစ်ဒဏ်ခံ ဆိုမာလီနိုင်ငံမှ ပြည်သူများသည် အကူအညီရလိုရငြား အိမ်နီးချင်းကင်ညာနိုင်ငံတွင်းသို့ ရွှေ့ပြောင်းဝင်ရောက်မှုများလည်းဖြစ်ပေါ်ခဲ့ရကြောင်း ကုလသမဂ္ဂက ပြောကြားခဲ့သည်။ ***အေပီ။***

အဏုမြူဓာတ်ရောင်ခြည် ညစ်ညမ်းမှုကို သုတ်သင်ရန် ဂျပန်ပြည်သူများ နေကြာပင် စိုက်ပျိုးမည်

တိုကျို ဇွန် ၂၈

ဂျပန်နိုင်ငံ၌ အဏုမြူဓာတ်ရောင်ခြည်ကြွနေသော မြေဆီလွှာအတွင်း ညစ်ညမ်းမှုကို သုတ်သင်ရှင်းလင်းနိုင်ရေးအတွက် ပြည်သူများအနေဖြင့် နေကြာပင်များစိုက်ပျိုးကြရန် စည်းရုံးလှုံ့ဆော်လျက်ရှိကြောင်း ဂျပန်သတင်းဌာနများက ဇွန် ၂၇ ရက်တွင် သတင်းထုတ်ပြန်သည်။ဂျပန်နိုင်ငံ၌ မတ်လက မြေငလျင်လှုပ်မှုနှင့်အတူ ဆူနာမီရေလှိုင်းရိုက်ခတ်မှုကြောင့် ဖူကူရှီးမား နျူကလီးယား ဓာတ်အားပေးစက်ရုံပျက်ဆီးခဲ့ရပြီး အဏုမြူဓာတ်ရောင်ခြည်ဘေးအန္တရာယ် ဖြစ်ပေါ်ခဲ့သည်။

ဂျပန်ပြည်သူများသည် ယခုနှစ်မှစ၍ နေကြာပင်များကို စိုက်ပျိုးကြရန်၊ ဖြစ်ထွန်းအောင်မြင်လာသော နေကြာပင်များမှ မျိုးစေ့များထုတ်ယူပြီး အဏုမြူဓာတ်ရောင်ခြည်သင့်ရောက်ခဲ့ရသောဒေသများသို့ ယင်းမျိုးစေ့များကို ပို့ဆောင်ကာ အဏုမြူဓာတ်ရောင်ခြည်လှိုင်းများသင့်ရောက်နေသာဒေသများတွင် လာမည့်နှစ်မှစ၍ နေကြာပင်များကို တိုးချဲ့စိုက်ပျိုးသွားရန် စည်းရုံးလှုံ့ဆော်သူများက ပြည်သူများအား တိုက်တွန်းလျက်ရှိသည်။

ဖူကူရှီးမား နျူကလီးယားစက်ရုံမှ ပျံ့လွင့်ခဲ့သော အဏုမြူဓာတ်ရောင်ခြည်များဖြင့် မြေထုညစ်ညမ်းနေမှုကို နေကြာပင်များ စိုက်ပျိုးခြင်းဖြင့် သန့်ရှင်းစေမည်ဖြစ်သည်။ ဖူကူရှီးမားပြည်နယ်၌ လွန်ခဲ့သည့်လမှစ၍ လူငယ်စီးပွားရေးလုပ်ငန်းရှင်များနှင့် ပြည်သူဝန်ထမ်းများက နေကြာပင်စိုက်ပျိုးရေး ပြည်သူ့လှုပ်ရှားမှုကို စတင်ခဲ့သည်။

နေကြာစိုက်ခင်းများသည် မျှော်လင့်ချက်၏သင်္ကေတ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်း၏ သရုပ်သကန်အဖြစ် ဖော်ညွှန်းသည်ဖြစ်ကာ ကမ္ဘာလှည့်ခရီးသည်များကို ပြန်လည်ဆွဲဆောင်နိုင်ရန် အထောက်အကူပေးမည်ဖြစ်ကြောင်း စည်းရုံးလှုပ်ရှားသူများက ပြောကြားကြသည်။ တိုကျိုမြို့အနီး ယိုကိုဟားမားမြို့အပါအဝင် မြို့ကြီးများရှိ ပြည်သူ ၃၀၀၀၀ ခန့်အတွက် နေကြာမျိုးစေ့များ ရောင်းချပေးခဲ့သည်။ **အင်တာနက်။**

အာရှအသင်းများ ၂၀၁၄ ကမ္ဘာ့ဖလားအတွက် ခြေစစ်ပွဲကစားမည်

ဆိုးလ် ဇွန် ၂၈

အာရှနိုင်ငံများ၏ ၂၀၁၄ ကမ္ဘာ့ဖလားခြေစစ်ပွဲအတွက် ပထမအဆင့်ခြေစစ်ပွဲကို ဇွန် ၂၉ ရက်တွင် စတင်မည်ဖြစ်ရာ ပထမအကျော့ပွဲစဉ်များကို ကျော်ဖြတ်နိုင်ရန် အသီးသီးရည်မှန်းထားကြသည်ဟု ဆိုသည်။

အနိုင်ရရှိသော အသင်းများသည် ဇူလိုင်လနှောင်းပိုင်း၌ ကျင်းပမည့် ဒုတိယအကျော့ပွဲစဉ်များတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်သည်။

ယခုရက်သတ္တပတ်ပွဲစဉ်ဇယားများအရ အာဖဂန်နစ္စတန်သည် ပါလက်စတိုင်းနှင့်လည်းကောင်း၊ ဖိလစ်ပိုင်သည် သီရိလင်္ကာနှင့်လည်းကောင်း ကစားကြမည်ဖြစ်ပြီး အရှေ့တောင်အာရှပြိုင်ဘက်များအဖြစ် ကမ္ဘောဒီးယားနှင့် လာအိုတို့ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

ထို့ပြင် မလေးရှားသည် တရုတ်(တိုင်ပေ)အသင်းနှင့်လည်းကောင်း၊ ဗီယက်နမ်သည် မကာအိုနှင့်လည်းကောင်း၊ ပါကစ္စတန်သည် ဘင်္ဂလားဒေ့ရှ်နှင့်လည်းကောင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

တစ်ချိန်က အာရှ၏ ဘောလုံးအင်အားကြီး နိုင်ငံဖြစ်ခဲ့ဖူးသော မြန်မာနိုင်ငံကမူ မွန်ဂိုလီးယားနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး အရှေ့တီမောက နီပေါအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်၏ ၂၀၈ နိုင်ငံမြောက် အဖွဲ့ဝင်ဖြစ်သည့် ပါလက်စတိုင်းကို ကုလသမဂ္ဂက အချုပ်အခြာပိုင်နိုင်ငံအဖြစ် သတ်မှတ်ထားရခြင်းမရှိသော်လည်း ယင်းနိုင်ငံသည် အာဖဂန်နစ္စတန်နှင့် ကြားကွင်း၌ ဇွန် ၂၉ ရက်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ***အင်တာနက်။***

အမြန်အလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

၁။	စာရင်းကိုင်	(မ)	၅ဦး
၂။	ကွန်ပျူတာကျွမ်းကျင်	(မ)	၂ဦး
၃။	စီမံအုပ်ချုပ်သူ	(မ)	၂ဦး
၄။	အထွေထွေဝန်ထမ်း	(ကျား)	၃ဦး

လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။
ရုပ်ရည်မွန်ရည်သပ်ရပ်သူဖြစ်ရမည်။
အလုပ်သမားမှတ်ပုံတင်မိတ္တူပါရှိရမည်။

(လိုအပ်သော စာရွက်စာတမ်းများနှင့် လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်သည်)

ရုံးချိန် နံနက် ၉ နာရီမှ ညနေ ၅ နာရီ

ရွှေကုဋေကုဋာကုမ္ပဏီ

လိပ်စာ - အမှတ်(၁၃)၊ မဂ္ဂင်လမ်း၊ မြေညီထပ်၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့

ဖုန်း - ၀၁-၅၀၀၉၂၂၊ ၀၉-၂၀၁၃၇၁၄၊ ၀၁-၅၁၆၆၀၀၊ ၀၉-၇၃၀၉၈၄၉၈



လူပျောက်ကြော်ငြာ

အဖ ဦးတင်ဝင်း၏သမီး တိုက်(၉၂)၊ ဗိုလ်စောပုလမ်း၊ ကြည့်မြင်တိုင်မြို့နယ်နေ မမြင့်မြင့်မြတ်အောင်သည် နေအိမ်မှ ၂၆-၆-၂၀၁၁ရက် နံနက် ၇နာရီတွင် မုန့်စားသွားမည်ဟု ပြောဆိုပြီး ယနေ့တိုင်ပြန်လည်မရောက်ရှိဘဲပျောက်ဆုံးနေပါသဖြင့်တွေ့ရှိပါက ဆက်သွယ်အကြောင်းကြားပေးပါရန် ဖြားယောင်းသွေးဆောင် လက်ခံထားသူအား ဥပဒေအရ အရေးယူမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

ဦးတင်ဝင်း

[၁၄/၀ခမ(နိုင်)၁၀၇၀၂၇]

ဖုန်း-၀၉ ၅၄၀၄၈၉၃

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးမောင်မောင်ဟန် C.D.C No-63116 ၏ သင်္ဘောသားမှတ်ပုံတင်စာအုပ်(S.I.D) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဦးမောင်မောင်ဟန်**

ဖုန်း-၀၉၄၃၀၂၈၁၃၉

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။



လက်ခံတွေ့ဆုံ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တီမောလက်စ်တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ ဇာကာရီ ရက်စ်အယ်လ် ဘာနိုဒါကိုစတာ ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တီမောလက်စ်တေ နိုင်ငံခြားရေးဝန်ကြီး ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၂၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တီမောလက်စ်တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ ဇာကာရီ ရက်စ်အယ်လ် ဘာနိုဒါကိုစတာ ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ နိုင်ငံတော်သမ္မတရုံး ညွှန်ကြားရေးမှူးချုပ် ဦးမင်းဇော်၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးတင်မျိုးကြည်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)